ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့၊ (16-2-2004) (၄၁၄၈)

ဓမ္မစရိယာ စ
တေံ မင်္ဂလ မုတ္တမံ။

ကောင်းမြတ်သော သုစရိုက်တရားတို့ကို ကျင့်ခြင်း
သည် မြတ်သော မင်္ဂလာမည်၏။

လက်ခံတွေ့ဆုံ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) အဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းလင်းနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ယနေ့ထုတ်
စောင်ရေ
၁၉၇၇၆၅



နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနှစ်ရပ်ကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)အဖွဲ့ ထောက်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) အဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းလင်းနှင့် အဖွဲ့ဝင်များအား ယနေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနှစ်ရပ်ကို ကြိုဆိုထောက်ခံပါကြောင်းနှင့်

စာမျက်နှာ ၇ ကော်လံ ၅ သို့ ✡

အစိုးရစက်မှုလက်မှုသိပ္ပံ (မြင်းခြံ)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် မြင်းခြံမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ (မြင်းခြံ) ပင်မဆောင်ကို ဖေဖော်ဝါရီ ၁၁ရက်က တွေ့ရစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

The Mirror
၁၆-၂-၂၀၀၄
(တနင်္လာနေ့)

ထူးချွန်ထက်မြက်သည့် ပညာရှင်များဖြစ်လာအောင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော် စည်းလုံးချစ်ကြည်စွာ လက်တွဲနေထိုင်လျက်ရှိသည့် ပြည်ထောင်စုကြီးဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော် အစိုးရက ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲစွာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရေးကို ထာဝစဉ် အလေးထားကြိုးပမ်းလျက်ရှိသည်။

ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းဒေသများအားလုံး တည်ငြိမ်အေးချမ်းသာယာပြီး တိုင်းရင်းသားလူမျိုးများအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေစေရေးတို့အတွက် လိုအပ်ချက်များကို စနစ်တကျ ဖြည့်ဆည်းပေးလျက်ရှိသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီလ ၁၁ရက်နေ့က မြင်းခြံမြို့သို့သွားရောက်ပြီး မြင်းခြံဒီဂရီကောလိပ် ပင်မဆောင်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ) ပင်မဆောင်များ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကာ ပညာရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့သည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် **မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ်ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရေးတို့အတွက် စွမ်းစွမ်းတမံကြိုးပမ်းစွမ်းဆောင် မြှင့်တင်ပေးနိုင်မည့် ထူးချွန်ထက်မြက်သော တိုင်းကျိုးပြည်ဆောင်အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရအောင်၊ အရည်အသွေးမြင့်မားသည့်လူ့စွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်စေရအောင် ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများအားလုံးက နိုင်ငံတော်၏ မျှော်မှန်းချက်နှင့်အညီ တက်ညီလက်ညီ ကြိုးစားအားထုတ်သွားကြပါ** ဟူ၍ တိုက်တွန်းပြောကြားခဲ့သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် မိမိနိုင်ငံအတွင်း စက်မှုနှင့်နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဝိဇ္ဇာနှင့် သိပ္ပံဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များမွေးထုတ်ပေးနိုင်ရန်လိုအပ်သည်။ တစ်နည်းအားဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အဆင့်တွင်ရော ဒေသဆိုင်ရာအဆင့်တွင်ပါ စနစ်တကျ စီမံဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက အဆင့်မြင့်သိပ္ပံနှင့် နည်းပညာရပ်များ တိုးတက်ထွန်းကားရေး၊ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပညာရည်မြင့်မားရေး၊ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးနိုင်ရေးတို့အတွက် ပညာရေးစီမံကိန်း အဆင့်ဆင့်ကို ချမှတ် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် နယ်မြေဒေသလိုအပ်ချက်၊ ပညာရပ်အလိုက် လိုအပ်ချက်များအရ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများကို တစ်နိုင်ငံလုံး ဖြန့်ကြက်ပြီး တိုးချဲ့ထူထောင်ပေးလျက်ရှိသည်။ ၁၉၈၈ ခုနှစ်ကာလက တစ်နိုင်ငံလုံးတွင် တက္ကသိုလ်နှင့် ကောလိပ်ပေါင်း ၃၂ ခုသာ ရှိခဲ့ရာက ယခုအခါ တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၄ ခု အထိ တိုးတက်ဖြစ်ထွန်းလာကြောင်း တွေ့ရသည်။

နည်းပညာကဏ္ဍတွင် ယခင်ခေတ်ကာလက နည်းပညာတက္ကသိုလ် တစ်ခု၊ ကွန်ပျူတာတက္ကသိုလ်တစ်ခုနှင့် စက်မှုလက်မှုသိပ္ပံ ၁၂ ခုသာ ရှိခဲ့ရာက ယခုအခါ နည်းပညာတက္ကသိုလ်သုံးခု၊ ကွန်ပျူတာ တက္ကသိုလ်နှစ်ခု၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်စသည့် တက္ကသိုလ် စုစုပေါင်းခုနစ်ခု၊ အစိုးရနည်းပညာကောလိပ် ၂၆ခု၊ အစိုးရကွန်ပျူတာ ကောလိပ် ၂၄ ခုနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ ၁၁ ခုအထိ တိုးတက် ဖြစ်ထွန်းလာခဲ့ပြီဖြစ်သည်။

မြင်းခြံဒေသနေ ကျောင်းသူ၊ ကျောင်းသားများသည် ယခင်ခေတ်ကာလများက အဆင့်မြင့်ပညာသင်ကြားရေးအတွက် အခြားသော ဒေသများသို့ သွားရောက်ပညာသင်ကြားခဲ့ကြရသည်။ ယခုအခါ မြင်းခြံဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ)တို့ ပေါ်ထွန်းလာပြီဖြစ်ရာ အဆင့်မြင့်ပညာရပ်များကို ဒေသအတွင်း၌ပင် သင်ကြားနိုင်သည့် အခွင့်အလမ်းများ ရရှိလာကြပြီဖြစ်သည်။

သို့ဖြစ်ရာ ပညာရေးကဏ္ဍမှ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများအားလုံးက နိုင်ငံတော်အတွက် အရည်အသွေးမြင့်မားသည့်လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး၊ ထူးချွန်ထက်မြက်သည့်အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်ထွန်းလာစေရေးတို့အတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ကိုယ်စားလှယ်များအား ဂုဏ်ပြုနှုတ်ဆက်ညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ဂုဏ်ပြုနှုတ်ဆက်ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော ပြည်နယ်၊ တိုင်း အသီးသီးမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ တနင်္သာရီတိုင်းမှ ထားဝယ် ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ်များအား ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဂုဏ်ပြုနှုတ်ဆက်ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုနှုတ်ဆက်ညစာစားပွဲသို့ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုနှုတ်ဆက် ညစာစားပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများသည် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့်အတူ ညစာသုံးဆောင်ကြသည်။

ရင်းရင်းနှီးနှီး

ညစာသုံးဆောင်အပြီးတွင်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသား အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက်မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့မှ အနုပညာရှင်များက တေးသီချင်းများ၊ အကများဖြင့် ဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ်၁၃ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့်နိုင်ငံသားများ၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

ထို့အပြင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များအား (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲကာလအတွင်း ရတနာပြပွဲကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်၌ ကျောက်မျက်ရတနာများ၊ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်သည်။

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများနှင့်ကျောက်မျက်ရတနာများ ရောင်းချရန်ကောင်တာရယူလိုသူများသည် ဖေဖော်ဝါရီ၁၇ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ၌ ဖွင့်လှစ်ထားရှိသည့် စီမံရေးရာ ဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာဈေးကြီးကြပ်ရေးအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။ (သတင်းစဉ်)

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ကို ခုခံတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေဆဲ

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့ကို ဆန့်ကျင်သော အင်အားစုများက ခုခံတိုက်ခိုက်မှုများကို ဆက်လက်ပြုလုပ်နေဆဲဖြစ်သည်။ ဆီးရီးယား နယ်စပ်အနီးရှိ အီရတ်မြို့ငယ်တစ်မြို့ဖြစ်သော ဆင်ဂျားမြို့အနီးတွင် မကြာသေးမီရက်ပိုင်းအတွင်း ဗုံးရှင်းလင်းရေး အထူးလုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များသည် ခုခံတိုက်ခိုက်ရေးသမားများ ထောင်ထားသော ဗုံးများကို ရှင်းလင်းစဉ် ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရပြီး အခြားခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။

ဖေဖော်ဝါရီ ၁၄ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ထိန်းသိမ်းခံထားရသော အကျဉ်းသားများ ပြန်လည်လွတ်မြောက်ရေးအတွက် ပြောက်ကျားများက လုံခြုံရေးစခန်းများကို လျှပ်တစ်ပြက်တိုက်ခိုက်ခဲ့ရာ အီရတ်ပြောက်ကျားတစ်ဦးကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒဏ်ရာရရှိ

ဖေဖော်ဝါရီ ၁၄ရက်က ဖော်လူဂျာမြို့တွင် အပြန်အလှန် ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီးနောက် ဒဏ်ရာရရှိသူ အီရတ်တစ်ဦးကို ဆေးရုံ၌တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၁၃ရက်က မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက နေအိမ်များအတွင်းသို့ ဝင်ရောက်၍ ခုခံတိုက်ခိုက်ရေးသမားများကို ရှာဖွေနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အကာအကွယ်ယူ

ဖေဖော်ဝါရီ ၁၄ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အပြန်အလှန် ပစ်ခတ်မှု ဖြစ်ပွားရာ အကာအကွယ် ယူနေသည့် လက်နက်ကိုင် အီရတ်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် သေနတ်ကျည်ဆန်ထိမှန်ခံခဲ့ရသော မှန်တံခါးချပ်ရှိ အပေါက်များကို အီရတ်အမျိုးသမီးတစ်ဦးက ပြသနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror

အီရတ် မြင်ကွင်း

ဖေဖော်ဝါရီ ၁၄ ရက်က ဖော်လူဂျာမြို့တွင် အီရတ်ပြည်သူများက အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ တိုက်ရိုက်ရွေးကောက်ပွဲ ကျင်းပရန်မဖြစ်နိုင်ကြောင်း ကုလပြတ်သားစွာပြောကြား
ကန်၏ အစီအစဉ်များ ကစဉ့်ကလျားဖြစ်သွားခဲ့

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၄

ဇွန် ၃၀ ရက်တွင် အီရတ်အာဏာပိုင်အဖွဲ့သို့ အာဏာလွှဲပြောင်းမအပ်နှင်းမီ အီရတ်နိုင်ငံတွင် တိုက်ရိုက်ရွေးကောက်ပွဲများ မကျင်းပနိုင်ကြောင်း ကုလသမဂ္ဂက ပြတ်သားစွာပြောကြားခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံရေးအစီအစဉ်သည် ဖေဖော်ဝါရီ ၁၃ရက်က ကစဉ့်ကလျား ဖြစ်သွားပြီဖြစ်သည်။

အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာအား အီရတ်ပြည်သူလူထုထံသို့ စီစဉ်ထားသည့်အတိုင်း ယခုနှစ်နွေရာသီတွင် လွှဲပြောင်းပေးအပ်သင့်ကြောင်း ကုလသမဂ္ဂသံတမန် ဘရာဟီမီက ယမန်နေ့ညက ပြောကြားသည်။

— မကျရောက်သေး —

ယင်းအချိန်မတိုင်မီ စိတ်ချယုံကြည်လောက်သည့် ရွေးကောက်ပွဲများ ကျင်းပရန် အချိန်မကျသေးကြောင်း ဘရာဟီမီ၏လက်ထောက်များက ပြောကြားသည်။

ဘရာဟီမီ၏ အယူအဆသည် အမေရိကန်ပြည်ထောင်စု၏ အစီအစဉ်နှင့်မတူ ကွဲပြားလျက်ရှိပြီး အမေရိကန်တို့၏ အစီအစဉ်ကို ပြန်လည်ရေးဆွဲရန်သို့မဟုတ် ဘေးဖယ်ထားရန်ဖြစ်ကြောင်း ဘရာဟီမီက သတိပေးပြောကြားသည်။

— ကျင်းပနိုင်ဖွယ် —

အမေရိကန်နှင့် အပေါင်းပါအာဏာပိုင်အဖွဲ့က ယာယီအီရတ်အုပ်ချုပ်ရေးအဖွဲ့ထံသို့ အာဏာလွှဲပြောင်း ပေးပြီးသည့်နောက် ရွေးကောက်ပွဲများကို ကျင်းပနိုင်ဖွယ်ရှိပြီး ယခုနှစ်ကုန်ပိုင်းတွင် သတ်မှတ်ထားခဲ့သည့် ၂၀၀၅ခုနှစ် ဒီဇင်ဘာလထက်စော၍ ကျင်းပနိုင်ဖွယ်ရှိသည်။

ရွေးကောက်ပွဲကျင်းပမှုသည် လွန်စွာ အရေးပါလှကြောင်း၊ အားလုံးအတွက် ကျိုးကြောင်းဆီလျော်ပြီး ယုံကြည်စေလောက်သည့် ရွေးကောက်ပွဲကျင်းပရေးသည် အလွန့်အလွန် အရေးပါကြောင်း၊ ရွေးကောက်ပွဲကျင်းပမည့်ရက်သည် လိုအပ်ချက်နှင့် လိုက်လျောညီထွေရှိရမည်ဖြစ်ကြောင်း ဘရာဟီမီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

— ဖော်ဆောင်ရန်လိုအပ် —

မဲပေးပွဲမပြုလုပ်မီ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေရေးဆွဲရေးကိစ္စအပါအဝင် လုပ်ငန်းအစီအစဉ် အများအပြား ဖော်ဆောင်ရန်လိုအပ်ကြောင်းကိုလည်း ၎င်းကပြောကြားသည်။

ဘရာဟီမီသည် ဇွန်လမတိုင်မီ ရွေးကောက်ပွဲကျင်းပရန် ဖြစ်နိုင်၊ မဖြစ်နိုင်နှင့် လုံခြုံမှုရှိ၊မရှိ စသည့်ကိစ္စများ စူးစမ်းရန် အီရတ်နိုင်ငံရေးခေါင်းဆောင်နှင့် ဘာသာရေးခေါင်းဆောင်များနှင့် တစ်ပတ်ကြာတွေ့ဆုံညှိနှိုင်းခဲ့သည်။

အင်တာနက်။

ကန့်ကွက်ဆန္ဒပြ

ဖေဖော်ဝါရီ ၁၃ ရက်က တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံသို့ စေလွှတ်မှုကို ဆိုးလ်မြို့၌ ကန့်ကွက်ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၁၃ ရက်က အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များအား ကန့်ကွက်ဆန္ဒပြနေသည့် အီရတ်နိုင်ငံသားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်တပ်မှူးဂျွန်အဘီဇိုက် အသက်ဘေးက သီသီကလေးလွတ်မြောက်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၃

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ဒုံးပစ်လောင်ချာဖြင့် အတိုက်ခိုက်ခံရမှုတွင် အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်တပ်မှူးဗိုလ်ချုပ်ကြီးဂျွန်အဘီဇိုက်သည် ကြာသပတေးနေ့က ကံကောင်းထောက်မမှုကြောင့် လွတ်မြောက်သွားခဲ့ကြောင်းဖြင့် အမေရိကန်စစ်ဘက်က ပြောကြားလိုက်သည်။

ပစ်ခတ်ခံရ

အဘီဇိုက်နှင့် အမှတ်(၈၂) လေကြောင်းချီ တပ်မမှူး ဗိုလ်ချုပ်ချားလ်စ်ဆွမ်းနက်တို့၏ မော်တော်ယာဉ်တန်းသည် ဘဂ္ဂဒက်မြို့တော် အနောက်ဘက်ကီလိုမီတာ ၅၀အကွာရှိ ဖော်လူဂျာမြို့တွင် သွားလာနေစဉ် ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခံရခြင်းဖြစ်ကြောင်း ဗိုလ်မှူးချုပ်မတ်ကင်မစ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အဘီဇိုက်နှင့် ဆွမ်းနက်တို့သည် အီရတ်အရပ်သား ကာကွယ်ရေးတပ်ဖွဲ့ ခြံဝင်းသို့ မော်တော်ယာဉ်တန်းဖြင့် လာရောက်လည်ပတ်စဉ် အနီးအပါးရှိ အဆောက်အအုံခေါင်မိုးပေါ်မှ ဒုံးပစ်လောင်ချာသုံးစင်းဖြင့် ပစ်ခတ်ခြင်းဖြစ်ကြောင်း ကင်မစ်က ပြောကြားသည်။

ပြန်လည်ပစ်ခတ်

ယင်းပစ်ခတ်မှုကြောင့် တပ်ဖွဲ့ဝင်များနှင့် အရပ်သားများ ထိခိုက်ဒဏ်ရာမရရှိကြောင်း၊ အမေရိကန်အပေါင်းပါတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ပြီး တိုက်ခိုက်သူများ၏ နောက်မှ လိုက်လံရှာဖွေလျက်ရှိကြောင်း အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ ကင်မစ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်စစ်ပွဲအတွင်း သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ၅၃၇ဦးရှိ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၄

အီရတ်စစ်ဆင်ရေးစတင်သည့်အချိန်မှ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်အထိ အီရတ်၌ သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၅၃၇ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာန ထုတ်ပြန်ချက်များအရ သိရသည်။ ယင်းအနက် ၃၇၃ဦးမှာ တိုက်ပွဲများတွင် သေဆုံးရခြင်းဖြစ်ပြီး ၁၆၄ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်။

သေဆုံး

ထိုအတောအတွင်း အီရတ်၌ သေဆုံးရသော ဗြိတိန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၈ ဦးရှိကြောင်း ဗြိတိန်စစ်ဘက်က ကြေညာသည်။ အီတလီတပ်ဖွဲ့ဝင် ၁၇ ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယားငါးဦး၊ အခြားတပ်ဖွဲ့ဝင်နှစ်ဦး၊ ဒိန်းမတ်၊ ယူကရိန်းနှင့် ပိုလန်တို့မှတပ်ဖွဲ့ဝင်တစ်ဦးစီ အသီးသီးသေဆုံးခဲ့ရကြောင်း သိရသည်။

အီရတ်နိုင်ငံ၌ တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတဘုရှ်က မေလ ၁ ရက်တွင် ကြေညာခဲ့ပြီးနောက် အီရတ်၌ သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၉၉ ဦးရှိသည်။ ယင်းအနက် ၂၅၈ဦးမှာ တိုက်ပွဲများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၁၄၁ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။

ဒဏ်ရာရရှိ

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားသည့်အချိန်မှစ၍ ရေတွက်လျှင် တိုက်ပွဲများအတွင်း အီရတ်ရှိ ဒဏ်ရာရရှိသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၂၆၂၉ဦးရှိသည်။ တိုက်ပွဲနှင့်မသက်ဆိုင်သော အခြားအကြောင်းများကြောင့် ဒဏ်ရာရရှိသူ စုစုပေါင်းသည် ၄၁၀ ဦးဖြစ်သည်ဟု ကာကွယ်ရေးဌာန စာရင်းအင်းများတွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက်အနောက်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၄

ဘဂ္ဂဒက်အနောက်ပိုင်းဒေသတွင် ကြာသပတေးနေ့က ပေါက်ကွဲမှု ဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး နှစ်ဦးထိခိုက်ဒဏ်ရာ ရရှိသွားကြောင်းဖြင့် အမေရိကန်စစ်ဘက် က သောကြာနေ့တွင် ပြောကြားလိုက်သည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းဒေသရှိ အဘူဂါရစ်ခရိုင်တွင် ည၁၀နာရီမိနစ်၄၀က ပေါက်ကွဲမှုဖြစ်ပွားရာတွင် အမှတ်(၁၆)စစ်ရဲတပ်မဟာမှ ကင်းလှည့်တပ်ဖွဲ့ဝင်များအား ထိမှန်သွားခြင်းဖြစ်သည်ဟု အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးကပြောကြားသည်။

အမေရိကန်စစ်ဘက်က ယင်းပေါက်ကွဲမှုတွင် မည်သည့် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများအသုံးပြုကြောင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဖော်ပြပါပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။

အဘူဂါရစ်ဒေသသည် အမေရိကန်တပ်ဖွဲ့ဝင်များက အကျဉ်းစခန်းအဖြစ်ထားရှိရာဒေသဖြစ်သည်။

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအား လွန်ခဲ့သည့်နှစ် မတ်လက စတင်စစ်ဆင်နွှဲကတည်းက တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၃၇၃ဦး သေဆုံးခဲ့ရပြီဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

နိုင်ငံတကာ မူးယစ်ဆေး ထိန်းချုပ်ရေး တရုတ်ပြည် တက်ကြွစွာပူးပေါင်းပါဝင်

ပေကျင်း ဖေဖော်ဝါရီ ၁၄

နိုင်ငံတကာမူးယစ်ဆေး ဆန့်ကျင်တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုတွင် တရုတ်ပြည်က တက်ကြွစွာပါဝင်ဆင်နွှဲခဲ့ခြင်းကြောင့် ပြည်တွင်း မူးယစ်ဆေးရောင်းဝယ်မှုများကို ထိထိရောက်ရောက် ထိန်းချုပ်ဟန့်တားနိုင်ခဲ့ကြောင်း ဝါရင့်ရဲအရာရှိတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

(၃၈) ကြိမ်ဆောင်ရွက်ခဲ့

လွန်ခဲ့သောနှစ်အတွင်း တရုတ်ပြည်သည် မြန်မာ၊ လာအိုနိုင်ငံတို့နှင့် ပူးပေါင်းကာ မူးယစ်ဆေးဆန့်ကျင်ရေးလှုပ်ရှားမှု (၃၈)ကြိမ်ဆောင်ရွက်ခဲ့ကြောင်းနှင့် ဘိန်းဖြူ ၂၈၁ ကီလို၊ မက်သာဖက်တမင်း ရှစ်ကီလို၊ ဘိန်း ၄၂၉ကီလိုတို့ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း အမျိုးသားမူးယစ်ဆေးထိန်းချုပ်မှုကော်မရှင် ဒုတိယညွှန်ကြားရေးမှူး လော်ဖန်းက အဆိုပါ ကော်မရှင်အစည်းအဝေး၌ ပြောကြားခဲ့သည်။

တိုးမြှင့်လက်တွဲဆောင်ရွက်မည်

တရုတ်နိုင်ငံသည် ဖိလစ်ပိုင်၊ဂျပန်၊တောင်ကိုရီးယား၊ဩစတြေးလျ၊ဥရောပနှင့် အမေရိကန် ပြည်ထောင်စုတို့နှင့် သတင်းအချက်အလက်ဖလှယ်ရေး၊ နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးမှောင်ခိုရောင်းဝယ်မှု တိုက်ဖျက်နှိမ်နင်းရေးကိစ္စရပ်များတွင် တိုးမြှင့်လက်တွဲဆောင်ရွက်သွားမည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။



ဖေဖော်ဝါရီ ၁၃ ရက်က ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများအား အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ဆေးကြည့်ရှုနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ကျူးကျော်စစ်ကြောင့် အီရတ်အရပ်သား ၁၀၀၀၀ကျော် သေဆုံး အီရတ်နိုင်ငံသားများ သေဆုံးမှု အမေရိကန်စစ်ဘက်က ရေငုံနှုတ်ပိတ်နေ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၄

အီရတ်နိုင်ငံ စစ်ပွဲစတင်ခဲ့ကတည်းက အမေရိကန်တပ်ဖွဲ့ဝင် ၅၃၇ ဦး သေဆုံးခဲ့ပြီး သေဆုံးသူများ၏ အမည်နာမများနှင့် သေဆုံးခဲ့ပုံများကို အမေရိကန်စစ်ဘက်က သိရှိမှတ်တမ်းတင်ထားကြကြောင်း၊ သို့ရာတွင် အီရတ်နိုင်ငံသား အရပ်သားများ၏ ထောင်ဂဏန်း၊ သောင်းဂဏန်း သေဆုံးမှုများကိုမူ ထုတ်ဖော်ပြောကြားခြင်းမပြုဘဲ ရေငုံနှုတ်ပိတ်နေခဲ့သည်။

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်၍ စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုတွင် အကျိုးဆက်အားဖြင့် အရပ်သား ၁၀၀၀၀ ကျော် သေဆုံးကြောင်းဖြင့် သုတေသနအဖွဲ့ များက ခန့်မှန်းပြောကြားခဲ့သည်။

ထိုအချက်ကို အီရတ်နိုင်ငံရှိ အမေရိကန် အာဏာပိုင်များကမူ တရားဝင်ဖော်ပြမှု မရှိခဲ့ပေ။အီရတ်နိုင်ငံတွင် အရပ်သားများ သေဆုံးသူအားလုံးအား ခြေရာကောက် မှတ်တမ်းတင်ရန် မိမိတို့တွင် စွမ်းအားမရှိကြောင်း၊ သေဆုံးသူအချို့၏ စာရင်းဇယားများရှိသော်လည်း ယင်းသတင်း အသုံးပြုရန် ခိုင်လုံမှုမရှိကြောင်း ဗိုလ်မှူးချုပ် မတ်ကင်မစ်က ပြောကြားသည်။

သေဆုံးသူအားလုံးကို ရေတွက်စာရင်းပြုစုရန် အမှန်တကယ် မဖြစ်နိုင်ကြောင်း၊ အရပ်သားများနှင့် တိုက်ခိုက်ရေးသမားများအား ခွဲခြားရသည်မှာ တစ်ခါတစ်ရံ ပြတ်သားမှု မရှိလှကြောင်း၊ ၎င်းတို့အား ရေတွက်ရန် စာရင်းမပြုစုရသေးခင် မြေမြှုပ်သင်္ဂြိုဟ်ပြီးသား ဖြစ်နေလျက်ရှိကြောင်း ပြောကြားသည်။ အမေရိကန်ပြည်ထောင်စုကလည်း အရပ်သားသေဆုံးမှုများအား စာရင်းမပြုဘဲ ခပ်ဆိတ်ဆိတ်နေရန်သာ အလေးထားလျက်ရှိနေကြောင်း ပိုင်းခြားလေ့လာသူများက ပြောကြားသည်။

အီရတ်စစ်ပွဲကြောင့် အီရတ်အရပ်သား ၁၀၀၈၉ ဦးအထိ သေကျေခဲ့ကြောင်း အီရတ်မှ ဖွားသေစာရင်းပြုစုသူအုပ်စုက ပြောကြားသည်။ အဆိုပါအုပ်စုအား ပူးတွဲတည်ထောင်ခဲ့သူ ဂျွန်စလိုဘိုဒါက ယင်းစာရင်းတွင် အပြစ်အနာအဆာရှိကြောင်း ဝန်ခံပြောကြားသည်။ သို့ရာတွင် ခန့်မှန်းချက်သည် ထိရောက်မှုရှိနိုင်ကြောင်း ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဖေဖော်ဝါရီ ၁၂ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များကို ဆန့်ကျင်ဆန္ဒပြနေသည့် အီရတ်နိုင်ငံသားများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ

အမေရိကန် ပြည်ပကုန်သွယ်ရေးလိုငွေ စံချိန်တင် ဒေါ်လာငွေတန်ဖိုး ၃၀ ရာခိုင်နှုန်း ကျဆင်း

ဝါရှင်တန် ဖေဖော်ဝါရီ ၁၄

အမေရိကန်နိုင်ငံ၏ ၂၀၀၃ ခုနှစ် ပြည်ပကုန်သွယ်ရေးလိုငွေသည် ဒေါ်လာ ၄၈၉ ဒသမ ၄ ဘီလျံအထိ စံချိန်တင်လောက်အောင် များပြားနေသည်ဟု အမေရိကန်ကုန်သွယ်ရေးဌာန၏ ထုတ်ပြန်ချက်များက ဖော်ပြသည်။

ကုန်သွယ်ရေးဌာန၏ ထုတ်ပြန်ချက်များတွင် ကုန်စည်နှင့် ဝန်ဆောင်မှုဆိုင်ရာ သွင်းကုန်စုစုပေါင်းသည် ၂၀၀၃ ခုနှစ်၌ ၁ ဒသမ ၅ ထရီလျံဒေါ်လာအထိ မြင့်တက်ခဲ့ရာ ၂၀၀၂ ခုနှစ်ကထက် ၈ ဒသမ ၃ ရာခိုင်နှုန်း ပိုမိုကြောင်း ဖော်ပြထားသည်။ အလားတူစွာပင် အမေရိကန်၏ ပို့ကုန်စုစုပေါင်းတန်ဖိုးမှာလည်း ၂၀၀၃ ခုနှစ်တွင် ဒေါ်လာ တစ်ထရီလျံအထိ မြင့်တက်လာရာ ၂၀၀၂ ခုနှစ်ကထက် ၄ ဒသမ ၆ ရာခိုင်နှုန်း ပိုမိုလာသည်။ (တစ်ဘီလျံသည် သန်းတစ်ထောင်နှင့်ညီမျှပြီး တစ်ထရီလျံသည် တစ်ဂဏန်းနောက်တွင် သုည ၁၂ လုံးပါသော ကိန်းဂဏန်းဖြစ်သည်)။

ပြီးခဲ့သောနှစ်က အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေသည် ၂၀၀၂ ခုနှစ်က ကုန်သွယ်ရေးလိုငွေထက် ၁၇ ဒသမ ၁ ရာခိုင်နှုန်း ပိုမိုများပြားသည်။ ထိုအချက်က အမေရိကန် စားသုံးသူများ ပိုမိုသုံးစွဲ လာသည်ကို ဖော်ပြသည်။ အမေရိကန်သို့ မော်တော်ယာဉ်နှင့် ကားပစ္စည်းများ တင်သွင်းမှုသည် ဒေါ်လာ ၂၁၀ ဒသမ ၁ ဘီလျံဖိုး ရှိခဲ့ပြီး လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ ရုပ်သံဖမ်းစက်များနှင့် ပရိဘောဂများ တင်သွင်းမှုမှာလည်း ဒေါ်လာ ၃၃၃ ဒသမ ၈ ဘီလျံဖိုးအထိမြင့်တက်ခဲ့သည်။

၂၀၀၃ ခုနှစ်တွင် အမေရိကန်မှ ရတနာများ၊ အိမ်အသုံးအဆောင်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ တင်ပို့မှုသည် ဒေါ်လာ ၈၉ ဒသမ ၉ ဘီလျံအထိ ရှိခဲ့ပြီး စက်မှုလုပ်ငန်းသုံး ပစ္စည်းများ တင်ပို့မှုမှာ ဒေါ်လာ ၁၇၂ ဒသမ ၉ ဘီလျံအထိ ရှိခဲ့သည်။

အမေရိကန်ဒေါ်လာ တန်ဖိုးမှာ ယူရိုငွေနှင့် ယှဉ်လျှင်လည်းကောင်း၊ ဂျပန်ယန်းငွေနှင့်ယှဉ်လျှင်လည်းကောင်း တန်ဖိုးကျဆင်းသွားသည်။ ယူရိုငွေနှင့် ယှဉ်လျှင် ဒေါ်လာသည် ၃၀ ရာခိုင်နှုန်းမျှ တန်ဖိုးထိုးကျသွားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

၂၀၀၃ ခုနှစ် ကမ္ဘာ့ဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ဖမ်းဆီးခံရသော အီရတ်နိုင်ငံသားတစ်ဦးက ၎င်း၏ လေးနှစ်အရွယ် သားငယ်အား နှစ်သိမ့်နေပုံကို တွေ့မြင်ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖျက်အားပြင်းလက်နက် မပြန့်ပွားရေး တရုတ်အစိုးရ ပြတ်ပြတ်သားသား ဆန့်ကျင်

ပေကျင်း ဖေဖော်ဝါရီ ၁၄

ဖျက်အားပြင်း လက်နက်များ လျင်မြန်စွာ ပြန့်ပွားရေး လုပ်ဆောင်မှုကို တရုတ်အစိုးရက အခိုင်အမာ ဆန့်ကျင်ကန့်ကွက်ကြောင်းနှင့် မိမိတို့ ပြည်တွင်း၌ရော၊ နိုင်ငံတကာ၌ပါ လက်နက်မပြန့်ပွားရေး ကြိုးပမ်းမှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ကျန်ကျီယွီက ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ဂျော့ဂ်ျ၊ဒဗလျူ၊ဘုရှ်၏ နိုင်ငံတကာ လက်နက်မပြန့်ပွားရေး ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားချက်နှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ခု၌ မစ္စတာကျန်အား မေးမြန်းစဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆောင်ရွက်သွားမည်

လက်နက်မပြန့်ပွားရေးနှင့် ပတ်သက်သော ဥပဒေဆိုင်ရာ အခြေခံမူတစ်ရပ် တည်ဆောက်ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်းနှင့် ၎င်းအခြေခံမူနှင့်အညီ ဆက်နွယ်သော ဥပဒေများ၊ စည်းမျဉ်းများ အကောင်အထည်ဖော် ပြဋ္ဌာန်းနိုင်ရန် ခိုင်မာထိရောက်စွာ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ကျန်က ပြောကြားသည်။

နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)၏ အခန်းကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေးအတွက် သမ္မတဘုရှ်၏ အကြံပြုချက်နှင့် ပတ်သက်၍ တရုတ်အစိုးရသည် လက်နက်မပြန့်ပွားရေး ယေဘုယျ ရည်မှန်းချက်ကို ထောက်ခံကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ အကြံပြုချက်များကို လေးနက်မှုရှိသော နိုင်ငံတကာ ဆွေးနွေးပွဲများတွင် ဆွေးနွေးတိုက်တွန်းကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ထပ်မံသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၃

အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များအား အဓိက တိုက်ခိုက်ပြီးနောက် ခုခံတွန်းလှန်ရေးအင်အားစုများ၏ လက်ချက်ဖြင့် အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး အခြားသော အမေရိကန်တပ်ဖွဲ့ဝင်ကိုးဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။ အီရတ်တောင်ပိုင်း ဆာမာဝါမြို့တွင် ဖြန့်ကြက်ထားသည့် ဂျပန်တပ်ဖွဲ့ဝင်များ အနီးတွင် ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားသော်လည်း ထိခိုက်သေဆုံးမှုမရှိကြောင်း ဂျပန်အရာရှိတစ်ဦးက ကြာသပတေးနေ့တွင် ပြောဆိုသည်။

စုံစမ်းစစ်ဆေး

ဘဂ္ဂဒက်မြို့အနောက်ဘက်တွင် ဖေဖော်ဝါရီ ၁၁ ရက် ည ၉ နာရီခွဲခန့်က လမ်းဘေးဗုံး ပေါက်ကွဲပြီးနောက် အမှတ်(၁)သံချပ်ကာတပ်မမှ အထူးတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရသွားကြောင်း၊ ၎င်းတို့အား အမှတ်(၃) ရှေ့တန်းစစ်ဆေးရုံသို့ တင်ပို့လိုက်သော်လည်း ထိုဒဏ်ရာဖြင့်ပင် အဆိုပါတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားကြောင်း၊ ယင်းကိစ္စကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။ ***အင်တာနက်။***

တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အင်းစိန်မြို့ စော်ဘွားကြီးကုန်းရပ်ကွက် (၁၀)မိုင် ဗိုလ်တေဇလမ်း အောင်မင်္ဂလာဣတ္ထာသယ ရွာမကြီးကျောင်း၏ ဦးစီးပဓာန နာယက ဆရာတော်ကြီးဦးနာရဒ နှစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၈ ရက် (ဗုဒ္ဓဟူးနေ့)မှ ၂၂ ရက်(တနင်္ဂနွေနေ့)အထိ ငါးရက်တရားစခန်းပွဲကို အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ (က-ပ)

ဖြိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ပင်လယ်ပျော် တိုင်းရင်းသားတို့၏ ရိုးရာပွဲတော်

တင်သန်းယု (မြန်မာ့ခရီးသွား)

ဆလုံတိုင်းရင်းသားတို့သည် လတ္တီကျူ ၉ ဒီဂရီ မိနစ် ၄၀ နှင့် ၁၃ ဒီဂရီ မိနစ် ၃၀ ကြားတွင်လည်းကောင်း၊ လောင်ဂျီတွဒ် ၉၇ ဒီဂရီ မိနစ် ၂၀ နှင့် ၉၈ ဒီဂရီ မိနစ် ၄၀ ကြားတွင်လည်းကောင်း နေထိုင်ကြသည်။ ဆလုံလူမျိုးတို့ကို Elphinestone, Ross (ဒုံကမာချောင်း)၊ Lampi, Nyanr နှင့် St. Matthew ကျွန်းများပေါ်တွင် တွေ့ရပြီး ကော့သောင်းကျွန်း အနီးအနားရှိ ကျွန်းများ၊ ကတန်ကျွန်း၊ ပုလဲတော်၊ မီးစိမ်းကျွန်း၊ ဝါးကျွန်းပေါ်တွင်လည်း နေထိုင်ကြသည်။ ထို့ပြင် ထားဝယ်ရှိ မလိကျွန်းတွင် လည်းကောင်း၊ King Island မင်းကြီးကျွန်းနှင့် မြိတ်ကမ်းခြေ သင်္ဘောဆိပ်တွင်လည်း အနည်းငယ် နေထိုင်ကြသည်။

ဆလုံတို့သည် ရှေးအခါက ပင်လယ်ဓားပြများ၏ ရန်ကို ကြောက်ခဲ့ရသော်လည်း နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်မှုကြောင့် ယခုအခါ လုံခြုံမှုရရှိပြီး ဆလုံတို့သည် ပင်လယ်ကမ်းခြေတွင် နေကြသည့်အလျောက် ပင်လယ်နှင့် အသက်မွေးကြသူများ ဖြစ်ကြသည်။ ရေကူးရေငုပ် ကျွမ်းကျင်သည်။ လှေဖြင့် ဝမ်းစာအတွက် ငါးဖမ်းခြင်း၊ ပင်လယ်ရေတွင်ငုပ်၍ ငါး၊ ပုစွန်၊ ပင်လယ်မျှော့၊ စတီခေါ် Green Snail (လှပသောပစ္စည်းများ မီးအုပ်ဆောင်းများ လုပ်ရန် အသုံးဝင်သောရေအောက်ပစ္စည်း)များကို ဆယ်ယူကာ ပြန်လည်ရောင်းချ၍ အသက်မွေးကြသည်။

ဆလုံတို့သည် ကဗန်းခေါ် ကြိမ်များဖြင့် ပါဝင်ဆောက်လုပ်ထားသော လှေကိုအိမ်အဖြစ် အသုံးချကာ ပင်လယ်ပြင်နှင့် ကမ်းခြေတို့တွင် အဆင်သင့်သလို သွားလာနေထိုင်ခဲ့သော ဓလေ့ရှိခဲ့သည်။ ဆလုံတို့၏လှေသည် ကြိမ်ဖြင့် ချုပ်ထားသဖြင့် အလွယ်တကူ မနစ်မြုပ်နိုင်ပေ။ လှေအမိုးမှာ ပင်လယ် အနီးအနားမှရသော ဓနိအရွက်တို့ကို ဆက်စပ်ချုပ်သီထားခြင်းဖြစ်သည်။

ဆလုံမိသားစုတစ်ခုတွင် ဝတ်စုံအနည်းငယ်နှင့် ချက်ပြုတ်စားသောက်ရန် အိုးအနည်းငယ်သာ ထားရှိကြသည်။

မိသားစုတိုင်းတွင် အနည်းဆုံးခွေးတစ်ကောင် မွေးမြူထားလေ့ရှိသည်။ မိုးရာသီရောက်ပါက လှိုင်းလေထန်သော ပင်လယ်ထဲတွင် လှည့်လည် သွားလာခြင်းမပြုဘဲ ကမ်းခြေသို့ ပြန်လာကြပြီး မြေပေါ်တွင်တဲဆောက်ကာ မိုးရာသီတောက်လျှောက် မိုးခိုကြသည်။ ဆလုံတဲအိမ်များမှာ ခြေတံရှည်များ ဖြစ်ကြသည်။ ဆလုံမိသားစုအချင်းချင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ ညီညွတ်စွာ အတူနေထိုင်ကြပြီး စားစရာများကို ဝေမျှဖလှယ် စားသောက်ကြသည်။ မိုးကုန်ပါက ကမ်းခြေကိုခွာပြီး မိသားစုအသီးသီး လှေဖြင့်ပင်လယ်ပြင်သို့ ထွက်ကြသည်။ ကမ်းခြေတွင်ထားခဲ့သော မိမိတို့ဆောက်ထားသည့် တဲတွင်းသို့ အခြားဆလုံမိသားစုများ ဝင်ရောက်နေထိုင်ပါကလည်း ခွင့်ပြုကြသည်။ မိမိတို့ လှေပျက်ပါက လှေအသစ်တစ်စင်းမဆောက်မီ နီးစပ်ရာ အခြားလှေမှ မိသားစုများနှင့် သွားရောက်ပူးပေါင်း နေထိုင်ကြသည်။ မိမိတို့မိသားစု တစ်နေ့စာအတွက် ရှန်းကန်ရှာဖွေရာတွင် တင်းတိမ်တတ်ကြသည်။

ဆလုံတို့သည် တစ်လင်တစ်မယား စနစ်ဖြင့် အိမ်ထောင်ပြုလေ့ရှိကြသည်။ လူငယ်ဘဝတွင် လူပျိုလှည့်ခြင်း၊ ချစ်ကြိုက်ခြင်းရှိပြီး မိဘများထံသို့ အောင်သွယ်များမှတစ်ဆင့် ကွမ်းဖြင့်နားဖောက်ကြရသည်။ ကမ်းလှမ်းသောကွမ်းကို သတို့သမီးဘက်မှ လက်ခံပါက မိဘသဘောတူသည်ဟု အရာရောက်ပြီး သတို့သမီးက သတို့သားနေထိုင်ရာ လှေထဲသို့ လိုက်ပါနေထိုင်တော့သည်။ သားဦးရသောအခါမှ မိဘများလှေနှင့်ခွဲကာ သီးသန့်လှေတည်ထောင်၍ နေထိုင်ကြသည်။

အမျိုးသားများက နေ့စဉ်စားသောက်ဖွယ်ရာအဖြစ် ပင်လယ်ရှိငါးများကို လှံများဖြင့်ဖမ်းယူကြပြီး မိမိတို့ အသက်မွေးဝမ်းကျောင်းအတွက် လိုအပ်သည့် သယံဇာတ ဝမ်းစာများကို ရေငုပ်ရှာဖွေကာ ရောင်းချကြသည်။ အမျိုးသမီးများက ကမာမှတ်ကောင်များကို ထုခွဲခြင်းအလုပ်ဖြင့် လုပ်ခရကြသည်။

ဆလုံလူမျိုးတို့တွင် ကိုယ်ပိုင်ရိုးရာပုံပြင်များ၊ တေးသီချင်းများ၊ သားချော့တေးများနှင့် ရိုးရာဓလေ့ထုံးစံများကို သားစဉ်မြေးဆက် နှုတ်တိုက်သယ်ဆောင်တတ်ကြသည်။ သားချော့တေးကို အမျိုးသမီးနှင့် အမျိုးသား အတိုင်အဖောက်ဖြင့် သီဆိုကြရသည်။ အများအားဖြင့် အားလပ်သောညဘက်အချိန်တွင် သီဆိုလေ့ရှိကြသည်။

ဆလုံတို့ဘဝကို သုတေသနပြုခဲ့ကြသူများ ရှိသည်။ ၁၉၇၄ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ်မှ ဘာသာဗေဒလေ့လာလိုက်စားသူ ကရင်တိုင်းရင်းသူ နော်ဆေးဖောက ဆလုံဒေသသို့သွားရောက်ကာ ယခုအသက်ခုနစ်ဆယ်ရှိသည့်တိုင် နှစ်ပေါင်း ၃၀ ကျော် ဆလုံတိုင်းရင်းသားများနှင့်အတူ နေထိုင်ပြီး ဗျည်း ၂၂ လုံး ပါသော ဆလုံစာကို တိုင်းရင်းသား စာဖြစ်သော မြန်မာဘာသာဖြင့် တီထွင်ပေးခဲ့ရာ ယခုအခါ ခိုင်မာလျက် ရှိလေသည်။ သူမသည် သရေသဖန်းကြီးကျေးရွာ၊ ဒုံးပုလဲအော်ဆလုံကျွန်းနှင့် လန်ပိကျွန်းတွင် လှည့်လည်ကာ ဆလုံတို့နှင့်အတူ နေထိုင်ပြီး ကလေးများကို စာသင်ပေးလျက်ရှိသည်။

ဆလုံတို့သည် မိမိတို့ ဖိုးဖလာ ရှေးအစဉ်အလာအတိုင်း နေထိုင်ရသည်ကို ကျေနပ်ကြသည်သာမက ထိုအစဉ်အလာ မပြောင်းလဲသွားစေရန် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းထိန်းသိမ်းထားကြသည်။ ဤကဲ့သို့ ထိန်းသိမ်းခြင်းသည် ငွေကြေးကြွယ်ဝချမ်းသာခြင်းထက် ပိုမိုတန်ဖိုးရှိသည်ဟု စွဲမြဲယုံကြည်သော တိုင်းရင်းသားများဖြစ်ကြသည်။ တိုးတက်ခြင်းနှင့် ကြွယ်ဝချမ်းသာခြင်းကို ဆလုံတို့ မျှော်မှန်းရယူလိုလေ့ မရှိကြပေ။ နေမြဲဘဝကို မစွန့်ပစ်နိုင်ကြဘဲ ဘဝတွင် တစ်နေ့စာပြီးနောက် ထိုတစ်နေ့စာဖြင့်သာ အသက်ရှင်နေကြသူများ ဖြစ်ကြသည်။ သူတို့သည် သဘာဝနှင့်ရှေးရိုးကို ဒွန်တွဲခံယူသောကြောင့် ကမ္ဘာကြီး၏ နောက်တွင် ကျန်ခဲ့ပြီဖြစ်သည်ဟု အများအမြင်က ယူဆကြသော်လည်း ရာစုနှစ်အဆက်ဆက် နေထိုင်ပုံပြောင်းလဲခြင်းမရှိခဲ့ပေ။ ယခုအထိ ခံယဉ်းကြမ်းတမ်းစွာ အသက်ဆက် နေထိုင်သွားနိုင်ကြခြင်းမှာလည်း သူတို့၏ ထူးခြားသော စွမ်းရည်သတ္တိများနှင့် ခံနိုင်ရည်များကြောင့်ဟု ဆိုနိုင်ပါသည်။ ဆလုံတို့သည် ရှေးရာစုနှစ်ပေါင်းများစွာကပင် မိမိတို့နေထိုင်ပုံစနစ်ကို မပြောင်းလဲစေဘဲ စွဲမြဲစွာ နေထိုင်ကြရာတွင် လက်ရှိလူတို့နေထိုင်ရာ ဘဝနှင့် မလဲလှယ်နိုင်သော သူတို့၏ ထိန်းသိမ်းထားနိုင်မှုသည် အံ့ဩချီးမွမ်းဖွယ် ကောင်းလောက်အောင်ပင် ဖြစ်တော့သည်။ ထိုအချက်သည်လည်း ကမ္ဘာသူ၊ ကမ္ဘာသားများအတွက် သင်ခန်းစာယူဖွယ်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရကဦးစီး၍ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနက ဦးဆောင်ကာ တနင်္သာရီတိုင်းမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဆလုံတိုင်းရင်းသား ရိုးရာပွဲတော်ကို ၁၄-၂-၂၀၀၄ မှ ၁၇-၂-၂၀၀၄ အထိ ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်ကျေးရွာအုပ်စု လန်ပိကျွန်း၏ တစ်ဖက်ကမ်း ကျွန်းစုအကွေ့ ပင်လယ်ကမ်းစပ်ရှိ မကြိုဂလက်ကျေးရွာတွင် ပထမဦးဆုံးအကြိမ် သိုက်မြိုက်စည်ကားစွာ ကျင်းပနေပြီဖြစ်သည်။ ပွဲတော်သို့ သွားလာရေးအဆင်ပြေစေရန် လေယာဉ်ဖြင့်တစ်ဖုံ၊ ကားလမ်းဖြင့်တစ်မျိုး၊ ရေလမ်းဖြင့်တစ်သွယ် ခရီးစဉ်များအတွက် သက်ဆိုင်သူများက တက်ကြွစွာ ဆောင်ရွက်ပေးရာ ဆလုံတိုင်းရင်းသားတို့နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ၎င်းတို့၏ ဘဝကိုသာမက မြန်မာပြည်တောင်ဘက် ပင်လယ်နှင့်ကျွန်းစု အလှများကိုပါ သွားရောက်လေ့လာနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်း ပါးလိုက်ရပါသည်။ ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ဟဲဟိုး-တောင်လေးလုံးလမ်းအပိုင်း အဆင့်မြှင့်ပြုပြင်မှုလုပ်ငန်းများ စစ်ဆေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိသည့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း အဆင့်မြှင့်တိုးတက်ပြုပြင်ခြင်း လုပ်ဆောင်လျက်ရှိသော ဟဲဟိုး-တောင်လေးလုံး လမ်းအပိုင်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် တောင်လေးလုံးရှိ လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ လမ်းအပိုင်းအလိုက် တာဝန်ခံအင်ဂျင်နီယာများနှင့် တာဝန်ရှိသူများက လမ်းပြုပြင်ပြီးစီးမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြသည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က လမ်းအပိုင်းလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ယန္တရားခွဲဝေသုံးစွဲမှု အခြေအနေ၊ ဦးစားပေး ဆောင်ရွက်လျက်ရှိသည့် လမ်းအပိုင်းလိုက်နေရာတို့၌ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် တင်ပြချက်များအပေါ် ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေးက မှာကြားရာတွင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းကို အဆင့်မြှင့်တင်ပြီး မော်တော်ယာဉ်များ တစ်နာရီ မိုင် ၄၀ နှုန်း အနည်းဆုံး မောင်းနှင်နိုင်သည့် လမ်းဖြစ်မြောက်ရေး ဆောင်ရွက်ရမှာဖြစ်သည့်အတွက် အချိုးအကွေ့များ ပြေပြစ်ရေး၊ လမ်းမြေသားခိုင်မာမှုရှိရေး၊ လမ်းသားချောမွေ့အောင် ဆောင်ရွက်ရေး၊ မော်တော်ယာဉ်များ အလွယ်တကူ ရှောင်ကွင်း သွားလာနိုင်သည်အထိ ဖြစ်အောင်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ စက်ယန္တရားများ အလေအလွင့်မရှိစေရန် ထိန်းသိမ်းဆောင်ရွက်ရေး၊ စက်ချို့ယွင်းနေသည့် ယန္တရားများကို အချိန်မီမွမ်းမံ ပြင်ဆင်ဆောင်ရွက်ရေး၊ လုပ်ငန်းများကို ပွင့်လင်းရာသီတွင် တတ်နိုင်သလောက် ပြီးစီးအောင် စေတနာထားပြီး ဆောင်ရွက်သွားကြရေး၊ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီ အောင်ဆောင်ရွက်ရေး ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်(၉၇)နှင့် (၉၈)အကြား လမ်းခင်းဆောင်ရွက်နေမှု၊ ယန္တရားကြီးများဖြင့် မြေသားချဲ့ထွင်ခြင်းနှင့် ရေဆင်းမြောင်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အရည်အသွေးပြည့်မီသည့် လမ်းဖြစ်အောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်၏ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ (ဟဲဟိုး)သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ခြံတာဝန်ခံက ခြံအတွင်း ဝက်မွေးမြူရေးအတွက် အဆောင်များဆောင်ရွက်ထားရှိမှု၊ ကြက်မွေးမြူရေးအတွက် ခြံပြင်ဆင်ဆောင်ရွက်နေမှု၊ ငါးမွေးမြူရေးအတွက် ငါးကန်များ တူးဖော်ထားရှိမှု အခြေအနေများနှင့် စပါး၊ ပဲအမျိုးမျိုးနှင့် ရာသီသီးနှံများ စိုက်ပျိုးဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်၌ ပြသထားသော တပ်မဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များ၏ စိုက်ပျိုးရေးလုပ်ငန်းမှ ထွက်ရှိသည့် စပါး၊ ပဲအမျိုးမျိုး၊ ပြောင်း၊ နေကြာ၊ ပန်းနှမ်း၊ ဂရုတ်နမူနာများကို လည်းကောင်း၊ ဝက်မွေးမြူရေး မျိုးစပ်ခြံနှစ်ဆောင်၊ သားပေါက်ခြံ နှစ်ဆောင်၊ ကြက်မီးကိုင်ဆောင် တစ်ဆောင်တို့ကို လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေးက စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေး အတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၂-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန် ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀	၇။ မျိုးချစ်တပ်မတော်
၄:၅၀	၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** Field of Psychology and Methods (ပထမနှစ်စိတ်ပညာ)
၅:၃၀	၁၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၅	၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၃၅	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅	၁၇။ မြန်မာ့လက်သီး
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မောင့်ရွှေနဖာစူး မယ့်ရွှေနဖူးစာ" (အပိုင်း-၇)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သစ္စာမဏ္ဍိုင်" (အပိုင်း-၁၁)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် စတုတ္ထအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ ဆွမ်း၊ ကွမ်းနှင့် အချိုရည် ဆက်ကပ်လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးနှင့် သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ ဆွမ်းဆန်စိမ်း လောင်းလှူပွဲအခမ်းအနားကို ၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၁ရက်မှ တပေါင်းလဆန်း ၁၅ရက်ထိ (မတ် ၁ရက်မှ ၅ရက်အထိ) ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော် ခံယူတော်မူကြသည့် ဆရာတော်ကြီးများ၊ အထူးပင့် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ ပဏ္ဍာသမဏသံဃာတော်များ စုစုပေါင်း ဆရာတော် သံဃာတော် ၉၁၂ပါးကျော် ကြွရောက်တော်မူကြမည်ဖြစ်သည်။

လှူဒါန်းနိုင်

ယင်းဆရာတော်ကြီးများအား ဆွမ်း၊ ကွမ်းနှင့် အချိုရည် ဆက်ကပ်လှူဒါန်းလိုကြသော အလှူရှင်များသည် သံဃာတော်တစ်ပါးလျှင် တစ်နေ့တာ ငွေကျပ်တစ်ထောင်နှုန်းဖြင့် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဥတ္တရကုရုကျောင်းဆောင်ရှိ ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ ဖုန်း– ၆၆၀၇၆၆၊ ၆၆၀၉၉၈နှင့် ၆၆၀၁၄၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) အဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းလင်းနှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

✡ ရှေ့ဖုံးမှ

နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် ပြည်သူတစ်ရပ်လုံးနှင့်အတူ ကျရာကဏ္ဍက တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းရင်းသားခေါင်းဆောင်များက ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများတွင် နိုင်ငံတော်က ကူညီပံ့ပိုးပေးရေးတို့ကို တင်ပြဆွေးနွေးကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်တို့က ဟိုင်ဖိုင်အမြန်ရေယာဉ်(၈) ဖွင့်ပွဲ အခမ်းအနားတွင် ဟိုင်ဖိုင်အမြန်ရေယာဉ်(၈)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မြိတ်မြို့ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ် ဖွင့်ပွဲနှင့် ဟိုင်ဖိုင် အမြန်ရေယာဉ်(၈)ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြိတ်မြို့ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် နံနက် ၇နာရီ ၁၅မိနစ်တွင် တနင်္သာရီတိုင်း မြိတ်မြို့ ကန်ဖျားမြို့မရပ်ကွက်ရှိ အဆိုပါ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ်ရှေ့၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဟုန်းငိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ် ဆောက်လုပ်ပေးခြင်းအတွက် ဒေသခံပြည်သူများကိုယ်စား နိုင်ငံတော်ကို ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဓာတ်ပုံပေးအပ်

ထို့နောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့ထံ ဖွင့်ပွဲအထိမ်းအမှတ်ဓာတ်ပုံများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက စက်ခလုတ်နှိပ်၍ မြန်မာ့စီးပွားရေးဘဏ် မြိတ်မြို့ ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးလိုက်သည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ မြိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးခင်မောင်ကြွယ်နှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင်တို့က ဖဲကြိုးဖြတ်၍ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဘဏ်အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့သည် T.Z.Kကုမ္ပဏီလီမိတက်၏ ဟိုင်ဖိုင်အမြန်ရေယာဉ်(၈) ဖွင့်ပွဲ အခမ်းအနားကျင်းပမည့် မြိတ်မြို့ ဆိပ်ငယ်တံတားသို့ ရောက်ရှိကြသည်။

ထို့နောက် ဟိုင်ဖိုင်အမြန်ရေယာဉ်(၈) ဖွင့်ပွဲ အခမ်းအနားကို ဆိပ်ငယ်တံတားရှိ အဆိုပါ ရေယာဉ်ရှေ့၌ ကျင်းပရာ အစီအစဉ်အရ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်တို့က ဟိုင်ဖိုင်အမြန်ရေယာဉ်(၈)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့သည် အမြန်ရေယာဉ်(၈)အတွင်း လှည့်လည်ကြည့်ရှုကြရာ T.Z.K ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးစိုးဝင်းက လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ ဟိုင်ဖိုင်အမြန်ရေယာဉ်(၈)သည် ထားဝယ်–မြိတ်–ကော့သောင်း ခရီးစဉ်ကို ပြေးဆွဲမည် ဖြစ်သည်။ (သတင်းစဉ်)

နွေရာသီအင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုသင်တန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

P.E.S Pratical English Speaking U Win Maw (Research) အင်္ဂလိပ်စကားပြောသင်တန်းတွင် GCE, TOEFL, IELTS, KET စသည့် သင်တန်းများကို များစွာအထောက်အကူပြုသည့် အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများဖြစ်သည့် အခြေခံ Grammar နှင့် Speaking (လေးလ)၊ အဆင့်မြင့် English Grammar (လေးလ)၊ အဆင့်မြင့် Spoken English (လေးလ)၊ အဆင့်မြင့် Vocabulary & Reading (လေးလ)၊ အသံထွက်သဒ္ဒဗေဒပညာရပ် Phonetics (တစ်လခွဲ)စသည့် လစဉ်ပုံမှန်သင်တန်းများ သင်ကြားပေးလျက်ရှိသည်။ အထူးအစီအစဉ်အနေဖြင့် ကလေးများအတွက် အသက်အရွယ်အလိုက် အဆင့်များခွဲ၍ ရုပ်ပုံကားချပ်များကို ကြည့်ရှု၍ ဉာဏ်စွမ်းရည်စမ်းသပ်ခြင်း၊ ဘာသာစကား အထောက်အကူပြု အင်္ဂလိပ်သီချင်းများ သီဆို၍ သဒ္ဒါလေ့ကျင့်ခန်းများကို လက်တွေ့ ရေးသားပြောဆိုမှုများ ပြုလုပ်လျက် အင်္ဂလိပ်စကားပြောကို ထိရောက် စုံလင်စွာဖြင့် သင်ကြားပေးမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက အမှတ် (၁၈) ရတနာလမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် (ယုဇနကုန်တိုက်အနီး) ရန်ကုန်မြို့ ဖုန်း– ၅၀၃၉၈၄ နှင့် ၂၂၂၄၂၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က–ပ)

၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၅ရက် ထုတ် ရီပိုတာ နိုင်ငံတကာသတင်းနှင့် စီးပွားရေးဂျာနယ် အမှတ် (၁၀၈) မျက်နှာဖုံး။ (က–ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

★ **မြန်မာနိုင်ငံမှ**

တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စက်မှုလက်မှုသိပ္ပံ(မြင်းခြံ) ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ကဗျာလွတ်အကအဖွဲ့၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ) ပင်မဆောင်ဖွင့်ပွဲကို အဆိုပါ ပင်မဆောင်ရှေ့၌ကျင်းပရာ အစိုးရ စက်မှုလက်မှုသိပ္ပံ(မြင်းခြံ)မှ ပထမနှစ်စက်မှုစွမ်းအား အထူးပြု ကျောင်းသား မောင်ဇော်မျိုးဦးနှင့် ပထမနှစ် မြို့ပြအထူးပြုကျောင်းသူ မဖြူမော်မော်တို့က ဖဲကြိုးဖြတ်၍ ပင်မဆောင်ကို ဖွင့်လှစ်ပေးကြသည်။



မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ၁၁ရက်က (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် မြင်းခြံမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ)ပင်မဆောင် ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာ၊ ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ပင်မဆောင်ရှေ့၌ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အစိုးရစက်မှုလက်မှုသိပ္ပံ (မြင်းခြံ) ပင်မဆောင်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ပင်မဆောင် ပရဝဏ်အတွင်း၌ ကံ့ကော်၊ ခရေနှင့်ပိတောက်ပင်များကို စိုက်ပျိုးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပင်မဆောင် ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်းကြေးပြားကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး ပင်မဆောင်ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ)၏ Computerခန်းမနှင့် e-Libraryတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၁ရက်က (၅၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် မြင်းခြံမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ) ပင်မဆောင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



၂၀၀၃ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲ ပခုက္ကူမြို့တွင် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၂၀၀၃ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆု၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ပညာသင်ဆုရသူများနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆုရသူများ၏ အမည်စာရင်းများကို သက်ဆိုင်ရာများမှ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများသည် စာပေဗိမာန် အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း–၂၅၂၅၆၀နှင့်၂၄၀၀၄၈တို့သို့ အမြန်ဆက်သွယ်ရန် နှိုးဆော်ထားသည်။

ဆုရသူများသည် မိမိအစီအစဉ်ဖြင့် ပခုက္ကူမြို့သို့ သွားရောက်လိုပါက ဖေဖော်ဝါရီ ၂၀ရက် ညနေနောက်ဆုံးထား၍ ပခုက္ကူမြို့သို့ ရောက်ရှိရန်နှင့် ရန်ကုန်မြို့မှ လိုက်ပါမည့်သူများ သက်ဆိုင်ရာတို့သို့ ဖေဖော်ဝါရီ၁၈ရက် နံနက် ၁၁နာရီ နောက်ဆုံးထားပြီး လူကိုယ်တိုင် သတင်းပို့ကြရမည်ဖြစ်သည်။

လက်ခံမည်

၂၀၀၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု ဘာသာရပ်ငါးမျိုးဖြစ်သော ကဗျာပေါင်းချုပ်၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကျမ်းစာပေနှင့် သုတေသနစာပေဆုများအတွက် ပြိုင်ပွဲဝင်ရန်စာမူများကို စာပေဗိမာန်မှ လက်ခံလျက်ရှိရာ ၂၀၀၄ ခုနှစ် စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ တိုင်းရင်းသားကျေးရွာ သွားရောက်လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသော ပြည်ထောင်စုနေ့ တိုင်းရင်းသားကိုယ်စားလှယ်များဖြစ်ကြသည့် ပြည်နယ်နှင့်တိုင်းများမှ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကိုယ်စားလှယ်များသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုလေ့လာရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တွင်း လေ့လာရေးခရီးထွက်ခွာလာကြရာ ရှေးဦးစွာ သာကေတမြို့နယ် သန်လျင်တံတားအနီးရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ရောက်ရှိကြသည်။

ပြည်ထောင်စုနေ့ တိုင်းရင်းသားကိုယ်စားလှယ်များအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ အထိမ်းအမှတ်အလံ လဲလှယ်ကြသည်။

ထို့နောက် ပြည်ထောင်စုနေ့တိုင်းရင်းသားကိုယ်စားလှယ်များသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ နန်းမြင့်မျှော်စင်၊ ဗမာရွာ၊ ရခိုင်ရွာနှင့် ထုဏ္ဍနံ့သိမ်၊ မွန်တိုင်းရင်းသားရွာနှင့် ကျိုက်ထီးရိုးစေတီ၊ ကရင်တိုင်းရင်းသားရွာနှင့် ဖွဲ့ကပင်တောင်၊ ချင်းတိုင်းရင်းသားရွာနှင့် ရိ(ဒ်)ရေကန်၊ ကချင်တိုင်းရင်းသားရွာနှင့် ခါကာဘိုရာဇီတောင်၊ ရှမ်းတိုင်းရင်းသားရွာနှင့် အင်းလေးကန်၊ ကယားတိုင်းရင်းသားရွာနှင့် တောင်ကွဲစေတီနှင့် ငွေတောင်ဆည်တို့အပြင် မိကျောင်းကန်၊ ငှက်ရုံနှင့် ရွှေသမင်ရုံတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုနေ့ တိုင်းရင်းသားကိုယ်စားလှယ်များသည် သာကေတမြို့နယ်ရှိ ရှုခင်းသာအပန်းဖြေဥယျာဉ်သို့ ရောက်ရှိကြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး အထိမ်းအမှတ်အလံ လဲလှယ်ကြသည်။

ယင်းနောက် ပြည်ထောင်စုနေ့တိုင်းရင်းသားကိုယ်စားလှယ်များသည် ရှုခင်းသာအပန်းဖြေဥယျာဉ်၌ ပျော်ရွှင်စွာအပန်းဖြေကြသည်။ (သတင်းစဉ်)

၂၀၀၃ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု ယဉ်ကျေးမှုတက္ကသိုလ်မှ ပညာသင်ဆုရ စာရင်းထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက နှစ်စဉ်ချီးမြှင့်နေကျဖြစ်သည့် ယဉ်ကျေးမှုတက္ကသိုလ် ပညာသင်ဆုအတွက် သက်ဆိုင်ရာမှ ထုတ်ပြန်ကြေညာခဲ့ရာ ၂၀၀၃ခုနှစ်အတွက် ပညာသင်ဆုကို ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ မနော်သူးလေဖောဝေ(ပထမနှစ်၊ ဂီတအထူးပြု)နှင့် ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)မှ မသက်မာစိုး(ပထမနှစ်၊ သဘင်အထူးပြု)တို့ ရရှိသည်။

ချီးမြှင့်သွားမည်

အဆိုပါဆုရသူများအား ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ကျင်းပမည့် ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားတွင် တစ်ပေါင်းတည်း ချီးမြှင့်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ အဋ္ဌမနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ အဋ္ဌမနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသသည်။

ပြပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြခန်းတွင် သံလွင်တံတား (မော်လမြိုင်)ပြကွက်၊ ဒေးဒရဲတံတားပြကွက်၊ ဗားရ်တံတားပြကွက်၊ ဒါးကတံတားပြကွက်၊ ကျွဲကူး–ကျောက်ဖျာတံတားပြကွက်၊ ရွှေလီတံတားပြကွက်၊ တနိုင်းတံတားပြကွက်၊ သံလွင်တံတား(ဘားအံ)ပြကွက်၊ ဗလမင်းထင်တံတားပြကွက်၊ လားရှိုးဒီဂရီကောလိပ်၊ မြိတ် ဒီဂရီကောလိပ်ပြကွက်၊ ပြည်ထောင်စုလမ်းမကြီးများပြကွက်၊ အထူးစီမံကိန်းဝင် တံတားကြီးများ ပြကွက်များကို ဓာတ်ပုံ၊ ရုပ်ပုံ၊ ကားချပ်၊ မြေပုံများဖြင့် ဝေဝေဆာဆာ ပြသထားသည်။

စွမ်းအင်ဝန်ကြီးဌာန ပြခန်းတွင် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၏ ဖြန့်ဖြူးရေး လမ်းကြောင်းပြ ပြကွက်၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းပြကွက်၊ ပြည်နယ်နှင့်တိုင်းများတွင် ရှေ့ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများပြကွက်၊ ရဲတံခွန်နှင့် ရတနာသဘာဝဓာတ်ငွေ့စီမံကိန်း ပြကွက်၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းပြကွက်၊ မြန်မာ့ရေနံသဘာဝဓာတ်ငွေ့လုပ်ငန်းပြကွက်များကို ပြသထားသည်။

အလားတူ ကွန်ပျူတာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပပေးလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင် ဖြေဆိုနေကြသည်ကို တွေ့ရသည်။

ယနေ့ပြပွဲသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း၊ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း၊ အမှတ်(၁)၊ အမှတ်(၃)၊ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများ၊ လမ်းမတော်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရဟန်းရှင်လူ ပြည်သူလူထု စုစုပေါင်း ၄၃၅၃ဦး လာရောက်ကြည့်ရှု လေ့လာကြသည်။

ပြခန်း ခန်းမအပြင်ဘက်၌ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် စာပေဗိမာန်စာအုပ်ဆိုင်တို့ကို ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ပြပွဲလာ ပြည်သူများ ဝယ်ယူအားပေးကြသည်။

အဆိုပါပြပွဲကို ဖေဖော်ဝါရီ ၁၆ရက်အထိ ဖွင့်လှစ်ထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု လေ့လာနိုင်သည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း လမ်းနှင့် တံတားများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဖေဖော်ဝါရီ ၇ရက်တွင် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေး–စစ်ကိုင်း–ရွှေဘိုကားလမ်းကို လည်းကောင်း၊ ရွှေဘို–မြစ်ကြီးနားကားလမ်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး စစ်ကိုင်းတိုင်း အင်ဂျင်နီယာမှူးကြီးနှင့် ရွှေဘိုခရိုင်၊ ကသာခရိုင် အင်ဂျင်နီယာမှူးများအား ပွင့်လင်းရာသီတွင် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများအား အမြန်ဆုံး ဆောင်ရွက်သွားရန်နှင့် လိုအပ်ချက်ရှိပါက တင်ပြကြရန် မှာကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၈ရက်တွင် မော်တော်ယာဉ်ဖြင့် ရွှေဘို–မြစ်ကြီးနား ကားလမ်း ကချင်ပြည်နယ်ဘက်အခြမ်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မိုးညှင်းတံတားကြီး ပြီးစီးနေမှုအား ကြည့်ရှုစစ်ဆေးပြီး ကချင်ပြည်နယ်၊ အင်ဂျင်နီယာမှူးကြီးနှင့် မိုးညှင်းတံတားတည်ဆောက်ရေး တာဝန်ခံ အင်ဂျင်နီယာ၊ မြစ်ကြီးနားခရိုင် အင်ဂျင်နီယာမှူးတို့အား ပွင့်လင်းရာသီတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၀ရက်တွင် ရွှေဘိုမှ မြစ်ကြီးနားမြို့သို့ ထွက်ခွာခဲ့ရာ နမ္မတီးမြို့ နမ္မတီး–တနိုင်းလမ်းဖောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၆) ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး လမ်းအထူးအဖွဲ့(၆)မှ နမ္မတီး–တနိုင်းလမ်း ၂၀၀၃ –၂၀၀၄ ခုနှစ် လုပ်ငန်းလျာထားချက်များနှင့် ပြီးစီးမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက သတ်မှတ်ထားသည့် လမ်းအကျယ်နှင့် ထုရရှိရန်နှင့် စနစ်တကျ ခင်းကြိတ်ပေးရန် လိုကြောင်း တာဝန်ခံအင်ဂျင်နီယာများက အနီးကပ်ကြပ်မတ် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့မှတစ်ဆင့် မြစ်ကြီးနားလမ်းအပိုင်းကို ဆက်လက်စစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၁ရက်တွင် မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအိုလမ်း၊ မြစ်ကြီးနားနှင့် ဆွမ်ပရာဘွမ်အပိုင်းကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၂ရက်တွင် ဆွမ်ပရာဘွမ်မြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်အား သွားရောက်ကြည်ညို ပူဇော်ကန်တော့ကြပြီး လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းသည်။ ထို့မှတစ်ဆင့် ဆွမ်ပရာဘွမ်မှ ပူတာအိုသို့ သွားရောက်၍ ဆွမ်ပရာဘွမ်–ပူတာအိုလမ်းအပိုင်းကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၁၃ရက်တွင် ပူတာအို–မချမ်းဘောလမ်းအတိုင်း ပူတာအို–မချမ်းဘောလမ်းကို ကြည့်ရှုစစ်ဆေးသည်။ ထို့မှတစ်ဆင့် မလိခမြစ်ကူးကြိုးတံတားသို့ ရောက်ရှိပြီး လက်ရှိ ကြိုးတံတားအခြေအနေနှင့် ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စများ ဆောင်ရွက်သွားရန် တံတားတာဝန်ခံ အင်ဂျင်နီယာများအား မှာကြားသည်။ ထို့မှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မချမ်းဘောမြို့သို့ ရောက်ရှိပြီး မချမ်းဘောမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဧည့်ခန်းမဆောင်၌ မချမ်းဘော–နောင်မွန်လမ်း ဆောင်ရွက်နေသည့် လုပ်ငန်းများကို လည်းကောင်း၊ နောင်မွန်–ပန်နန်းဒင် ဆိုင်ကယ်လမ်း ဖောက်လုပ်နေမှု လုပ်ငန်းများကို လည်းကောင်း မချမ်းဘော လူကူးကြိုးတံတား တိုင်းတာမှုလုပ်ငန်းများကို လည်းကောင်း၊ ကချင်ပြည်နယ် အင်ဂျင်နီယာမှူးကြီးနှင့် ခရိုင်အင်ဂျင်နီယာမှူး၊ တံတားတိုင်းတာရေးအဖွဲ့ တာဝန်ခံတို့က ဝန်ကြီးအား ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက မချမ်းဘော–နောင်မွန်လမ်း မိုးဒဏ်ကြောင့် ပျက်စီးသွားသည့် လမ်းအပိုင်းကို အမြန်ဆုံး ပြုပြင်ဆောင်ရွက်သွားရန်အတွက် ဒေသခံအာဏာပိုင် အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကောင်းမှုလုံစေတီသို့ သွားရောက်ပြီး လူကူးကြိုးတံတား တည်ဆောက်ရန်အတွက် မြေနေရာရွေးချယ်ထားသည်များကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၂၀၀၃ ခုနှစ် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ၂၀၀၃ ခုနှစ် တတိယ လေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ ပြည်သူ့အင်အားဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်၍ အမှာစကား ပြောကြားသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့်တိုင်း ဦးစီးဌာနမှူးများ၊ အထူးခရိုင် ဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အမှာစကား ပြောကြားသည်။

ဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီး ဦးမောင်အောင်က လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းမှာကြားပြီး ဦးစီးဌာနအလိုက် ဌာနခွဲမှူးများက လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်၊တိုင်း ဦးစီးဌာနမှူးများနှင့် အထူးခရိုင်မှူးများက လုပ်ငန်း ဆောင်ရွက်ချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို တင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးမောင်အောင်က နိဂုံးချုပ် အမှာစကားပြောကြားသည်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ၂၀၀၃ခုနှစ် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဖေဖော်ဝါရီ ၁၂ရက် နံနက် ၈နာရီတွင် စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် ဘူတာကျေးရွာ၌ ကျင်းပသော ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်းနှင့် ကျေးရွာအဝင်လမ်းဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများနှင့်နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်တို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးက ကျေးရွာဖွံ့ဖြိုးရေး အခြေစိုက်စခန်းအတွက် ငွေကျပ်တစ်သိန်း၊ အားကစားပစ္စည်းများ၊ စာအုပ်နှင့် ဂျာနယ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းသည်။ စစ်ကိုင်း–မုံရွာ ကားလမ်းမကြီးမှ တစ်မိုင်ခန့် ရှည်လျားပြီး အကျယ် ၁၅ပေရှိ ဘူတာကျေးရွာအဝင်လမ်းကို လူထုလုပ်အားဖြင့် စုပေါင်းဖောက်လုပ်နိုင်ခဲ့၍ ယခုအခါ ရာသီမရွေး သွားလာနိုင်ပြီဖြစ်သည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကော့သောင်းမြို့ မြို့နယ်ခန်းမတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား တွေ့ဆုံ မှာကြားစဉ်။ (သတင်းစဉ်)

ဘဏ္ဍာ/ အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တနင်္သာရီတိုင်းအတွင်း လုပ်ငန်းများစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ဖေဖော်ဝါရီ ၁၃ရက်တွင် မြိတ်မြို့သို့ ရောက်ရှိပြီး မြိတ်မြို့နယ်၌ အသစ်ဆောက်လုပ်ပြီးစီးသွားသည့် မြန်မာ့စီးပွားရေးဘဏ် (ခရိုင်ရုံး)ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင်၊ အထွေထွေမန်နေဂျာဦးအောင်မြင့်နှင့် ခရိုင်ဘဏ်ခွဲမန်နေဂျာတို့က ဘဏ်အဆောက်အအုံနှင့် ဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဘဏ်အဆောက်အအုံသစ်ကို သန့်ရှင်းသပ်ရပ်မှုရှိစေရန် အစဉ်ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် ဘဏ်လုပ်ငန်းများကို သွက်လက်မြန်ဆန်စေရေး ဂရုစိုက် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မြိတ်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ် (ခရိုင်ရုံးသစ်) အစည်းအဝေးခန်းမ၌ မြိတ်ခရိုင်အတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံ၍ ဌာနများအလိုက် သတ်မှတ်လျာထားသည့် ရည်မှန်းချက်များကို ဘဏ္ဍာရေးနှစ်မကုန်မီ အချိန်ကာလအတွင်း လျာထားချက်ပြည့်မီရေးအတွက် အထူးကြိုးစားဆောင်ရွက်သွားကြရန်နှင့် ဝန်ထမ်းများအနေဖြင့် ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာသွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့ရှိ တနင်္သာရီတိုင်း တိုင်းအခွန်ဦးစီးမှူးရုံးသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၅ရက်တွင် အဖွဲ့ဝင်များလိုက်ပါ၍ ကော့သောင်းမြို့ မြို့နယ်ခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကော့သောင်းမြို့ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာရုံးများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်ရှိ လမ်း၊ တံတားလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၈ရက်မှ ၁၃ရက်အထိ ရခိုင်ပြည်နယ်အတွင်းရှိ လမ်း၊တံတား၊ အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် စစ်တွေမြို့သို့ ဖေဖော်ဝါရီ၈ရက်တွင် ရောက်ရှိလာပြီး ရန်ကုန်–စစ်တွေလမ်းပေါ်ရှိ နာရီကန်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးပြီး တံတားကြီး အမြန်ဖွင့်လှစ်နိုင်ရေးနှင့် ဖွင့်ပွဲအတွက် ပြင်ဆင်မှုလုပ်ငန်းများအတွက် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၉ရက်တွင် ကစ္ဆပနဒီတံတားကြီး ကြံ့ခိုင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ ရန်ကုန်–စစ်တွေလမ်းတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့သည်။ ဒုတိယဝန်ကြီးက မိုးတွင်းကာလ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို တစ်ချိန်တည်း ဆောင်ရွက်ထားကြရန်နှင့် လမ်းအရည်အသွေး စစ်ဆေးရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်မှုကိုပါ ရယူဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၀ရက်၊၁၁ရက်နှင့် ၁၂ရက်များတွင် အမ်းမြို့မှတစ်ဆင့် အသစ်ဖောက်လုပ်နေသော ၄၄မိုင်၇ဖာလုံရှိ အမ်း–ပဒဲကြော–မအီလမ်းတစ်လျှောက် စက်ယန္တရားကြီးများဖြင့် မြေကြီးလုပ်ငန်းဆောင်ရွက်နေမှု၊ သစ်သားတံတားလုပ်ငန်းများ အမာခံကျောက်ခင်းခြင်းလုပ်ငန်းများနှင့် မအီ–ကျောက်ဖြူလမ်းကြောင်းပေါ်ရှိ မင်းကြောင်းချောင်းတံတား၊ သဇင်တံပေါက်တံတား၊ သံသမချေချောင်းတံတား၊ သံသမကြီးချောင်းတံတား၊ ဒီးဒုတ်ပေါက် တံတား၊ လုံးတော်ပေါက်တံတားများ တည်ဆောက်ရေးလုပ်ငန်းခွင်များကို လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

❍ **မြို့တော်သာယာလှပရေးမှ** ကြီးကြပ်ကွပ်ကဲမှု ကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

ဆွေးနွေးမှာကြား

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ၁၄ ရက်က မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ်(၁/၂၀၀၄)သို့ တက်ရောက် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

အမှာစကားပြောကြား

ရှေးဦးစွာ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က အမှာစကား ပြောကြားရာတွင် ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာ မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့် ညီညွတ်စေရေး၊ မြို့တော်နေပြည်သူများ၊ ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်နိုင်ရေးနှင့် လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့ အပါအဝင် အများပြည်သူအကျိုးဖြစ်ထွန်းစေမည့် ရည်ရွယ်ချက်များဖြင့် မြို့တော်အိမ်ရာစီမံကိန်းများကို စနစ်တကျ ကြီးကြပ်ကွပ်ကဲ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးအတွက်မြို့တော်အိမ်ရာ စီမံကိန်းကြီးကြပ်ကွပ်ကဲမှု ကော်မတီကို ဖွဲ့စည်းပြီး လုပ်ငန်းများ စီမံဆောင်ရွက်လျက်ရှိကြောင်း။

အားနည်း

ရန်ကုန်မြို့တော်ကြီးသည် ယခင်ခေတ်ကာလက မြို့တော်အင်္ဂါရပ်များနှင့် ညီညွတ်သော လူနေရပ်ကွက်များ၊ အိမ်ရာအဆောက်အအုံများ စနစ်တကျ တည်ဆောက်ထားမှုမရှိခြင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိမှု မလုံလောက်ခြင်း၊ သန့်ရှင်းရေးစနစ် မိလ္လာစနစ်များ စနစ်တကျ တည်ဆောက်ထားမှု အားနည်းခြင်း တို့ကြောင့် မြို့တော်နေပြည်သူများလည်း ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်ကောင်းတွင် နေထိုင်နိုင်ခြင်း မရှိခဲ့ကြောင်း။

သို့ဖြစ်၍ မြို့ပြစီမံကိန်းများနှင့်အညီ အဆင့်အတန်းမီသည့် တိုက်တာ

ရန်ကုန်မြို့တော်ကြီး တစ်နေ့တခြား သာယာလှပ တင့်တယ်ပြီး အဆင့်အတန်း တိုးတက်မြင့်မားလာသည်ကို တွေ့မြင်နေရပြီဖြစ်

မြို့တော်အိမ်ရာ စီမံကိန်းကြီးကြပ်ကွပ်ကဲမှု ကော်မတီအနေဖြင့် အိမ်ရာစီမံကိန်းများသာမက ရန်ကုန်မြို့တော်ကြီးကို သန့်ရှင်းသပ်ရပ်သာယာလှပပြီး နေချင့်စဖွယ် မြို့တော်ကြီးအဖြစ်

နှစ်ပေါင်းတစ်ရာကျော် ရှိပြီဖြစ်ရာ ဟောင်းနွမ်းပျက်စီးပြီး အများပြည်သူအတွက်အန္တရာယ်ဖြစ်စေမည့်အဆောက်အအုံများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြင်ဆင်မွမ်းမံတည်ဆောက်

နှင့် ရန်ကုန်မြို့လယ်ရှိ ကန်တော်ကြီးဝန်းကျင်ဒေသများကို ရန်ကုန်မြို့တော်နေ ပြည်သူများအတွက် အပန်းဖြေ နားနေရာ အဆင့်မြင့် အပန်းဖြေဥယျာဉ်ကြီးအဖြစ် ပေါ်ထွန်းလာစေရန်

တင် တိုးချဲ့တည်ဆောက်ပေးလျက်လည်းရှိကြောင်း၊ ပြည်သူများသွားလာမှု လွယ်ကူစေရေး၊ အန္တရာယ်ကင်းရှင်းစေရေးအပြင် အဆင့်မြင့်မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့် ညီညွတ်စေရေးအတွက် ညီညာကျယ်ပြန့်သည့်လမ်းမကြီးများဖြစ်လာစေရန်၊ လမ်းဘေးဝန်းကျင် စိမ်းစိုသာယာလှပစေရန် လမ်းများချဲ့ထွင်ခြင်း၊ လျှပ်စစ်မီးတိုင်များပြင်စိုက်ခြင်း၊ အဝိုင်းကြီးများ၊ လမ်းလယ်ကျွန်းများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ တည်ဆောက်ပြီးစီးနေသည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်များကို ဆက်သွယ်ပေးမည့် ဒဂုံရိပ်မွန်ခုံးကျော်တံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

အဆောက်အအုံများ တည်ဆောက်နိုင်ရေး၊ မြို့ကွက်စနစ်ကျနပြီး ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရေးအတွက် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီက အိမ်ရာစီမံကိန်းများကို ရန်ကုန်မြို့တော်ကြီး၌ အပိုင်းလိုက်စနစ်တကျ စီမံအကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

တင့်တယ်စွာဖြစ်ထွန်းလာစေရအောင် စီမံ ဆောင်ရွက်ပေးလျက်လည်း ရှိကြောင်း။

ပြင်ဆင်မွမ်းမံ

မြို့တော်ကြီး သာယာလှပရေးတွင် အိမ်ရာ စီမံကိန်းများ စနစ်တကျ အကွက်ချ တည်ဆောက်ရေးမှာလည်း အရေးကြီးကြောင်း၊ ရန်ကုန်မြို့တော်ကြီးသည် တည်ဆောက်ထားခဲ့သည်မှာ

သွားရန်လိုအပ်ကြောင်း၊ ယနေ့ အချိန်အခါတွင် အရှေ့တောင်အာရှနှင့် အာရှဒေသအတွင်းရှိ မြို့တော်ကြီးများ အားလုံးလိုလိုသည် စိမ်းလန်းသာယာလှပသည့် အပန်းဖြေဥယျာဉ်ကြီးများ၊ ပန်းခြံကြီးများဖြင့် လှပတင့်တယ်စွာ ဖြစ်ထွန်းနေကြပြီဖြစ်ရာ ရန်ကုန်မြို့တော်ကြီးကိုလည်း စိမ်းလန်းစိုပြည် သာယာတင့်တယ်သည့်ဥယျာဉ်မြို့တော်ကြီးအဖြစ် စနစ်တကျ အဆင့်မြှင့်တင် တည်ဆောက်ပေးလျက်ရှိနေကြောင်း၊ ပြည်သူများသွားလာမှု လွယ်ကူစေရေး၊ အန္တရာယ်ကင်းရှင်းစေရေးအပြင်အဆင့်မြင့်မြို့တော်ကြီးများ၏ အင်္ဂါရပ်များ

စနစ်တကျ အဆင့် မြှင့်မွမ်းမံ တည်ဆောက်ပေးလျက်ရှိ ကြောင်း။

အလားတူပင် အင်းလျားကန်ကြီးကိုလည်း အဆင့်မြှင့်ဆည်ဖို့မှု၊ သာယာလှပတင့်တယ်သည့် ကန်ဘောင်များ တည်ဆောက်ပေးခဲ့မှုများကြောင့် ယခုဆိုလျှင် မြို့တော်နေပြည်သူများ နံနက်ခင်းအချိန်များ၌ ပျော်ရွှင်ချမ်းမြေ့စွာ ကျန်းမာရေးလေ့ကျင့်နေသည့် မြင်ကွင်းများကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှု ကော်မတီအနေဖြင့် မြို့တွင်းရှိ အဓိကလမ်းမကြီးများ၊ အချက်အချာကျသည့် လမ်းမကြီးများကို အဆင့်မြင့်

သာယာလှပတင့်တယ်

ဤကဲ့သို့ ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီမြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့် ညီညွတ်စွာ တိုးတက်ဖြစ်ထွန်းလာစေမည့် လုပ်ငန်းများကို စနစ်တကျနှင့် ဟန်ချက်ညီညီ စီမံချမှတ် ဆောင်ရွက်လျက်ရှိသဖြင့် ရန်ကုန်မြို့တော်ကြီးမှာလည်း တစ်နေ့တခြား သာယာလှပတင့်တယ် စိုပြည်ပြီးအဆင့်အတန်းတိုးတက်မြင့်မားလာနေသည်ကို တွေ့မြင်နေရပြီ ဖြစ်ကြောင်း။

စနစ်တကျပေါင်းစပ်

ယင်းသို့သော အခြေအနေ အချိန်အခါကောင်းတွင် မြို့တော်အိမ်ရာစီမံကိန်းလုပ်ငန်းများ၊ ရည်မှန်းချက်များနှင့်အညီ အောင်မြင်ဖြစ်ထွန်းရေး၊ စံချိန်စံညွှန်း ကိုက်ညီရေး၊ သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ပြီးစီးစေရေးတို့အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အိမ်ရာစီမံကိန်းလုပ်ငန်းရှင်များ စနစ်တကျပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန်လိုကြောင်း။

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီအနေဖြင့် မြို့တော်အတွင်း နေရာဒေသအလိုက် တင့်တယ်

လိုက်ဖက်သည့် အဆင့်မြင့်အိမ်ရာအဆောက်အအုံများပေါ်ထွန်းလာစေရအောင်၊ မြို့တော်ကြီးလည်း အဆင့်မြင့်မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့် ညီညွတ်စွာ ဖွံ့ဖြိုးတိုးတက်လာစေရအောင်၊ တစ်ပြိုင်တည်းမှာပင် တိုင်းရင်းသား အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းရှင်များ သင့်တင့်မျှတသည့် အကျိုးဖြစ်ထွန်းစေပြီး မြို့တော်နေ ပြည်သူများလည်း လူနေမှုဘဝ အဆင့်အတန်းတိုးတက် မြင့်မားလာစေရအောင် မြို့တော်အိမ်ရာစီမံကိန်းများကို မျှတစွာ စနစ်ကျစွာ စီမံချထားပေးလျက်ရှိနေကြောင်း။

တက်ညီလက်ညီ

ထို့ကြောင့် နိုင်ငံတော်၏ စေတနာနှင့်ရည်မှန်းချက်များအောင်မြင်ပြည့်မြောက်စေရအောင်၊ မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီ၏ စီမံချမှတ်မှုများအကောင်အထည်ဖော်ဖြစ်ထွန်းစေရအောင်နှင့် မြို့တော်အိမ်ရာစီမံကိန်းလုပ်ငန်းများ ရည်မှန်းချက်နှင့်အညီ အောင်မြင် ဖြစ်ထွန်းစေရအောင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အိမ်ရာစီမံကိန်းလုပ်ငန်းရှင်များ အားလုံးက တက်ညီလက်ညီ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီဝင်များနှင့် တာဝန်ရှိသူများက မြေရာကိစ္စရပ်များ၊ အိမ်ရာကိစ္စရပ်များ၊ အိမ်ရာစီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ မီးရထားလမ်းခုံးကျော်တံတားများ တည်ဆောက်ရေးအပါအဝင် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍအလိုက်ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ဒီဇိုင်း ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အထပ်မြင့်အဆောက်အအုံတည်ဆောက်ရေး စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့အတွင်းရေးမှူး ဦးသန်းမြင့်က အထပ်မြင့်အဆောက်အအုံများ တည်ဆောက်ရာတွင် ခိုင်ခံ့ရေး၊ ငလျင်ဒဏ်ခံနိုင်ရေးတို့အတွက် ပုံစံရေးဆွဲခြင်း၊ အဆောက်အအုံတည်ဆောက်ခြင်း လုပ်ငန်းများအလိုက် ဒီဇိုင်းပုံစံများနှင့် စစ်ဆေး

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ရွှေပင်လုံအိမ်ရာ စီမံကိန်းအတွင်း ကွန်ကရစ်လမ်းများ ဖောက်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၁၀ မှ

အကြံပြု ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့ကျော်က အဆင့်မြင့်အိမ်ရာ စီမံကိန်းများ၊ စက်မှုဇုန်များသို့ စည်ပင်ရေသွယ်ခြင်းလုပ်ငန်း၊ သာကေတနှင့် သုဝဏ္ဏဆက်သွယ်မည့် တံတားတည်ဆောက်မည့် အစီအမံ၊ ရန်ကုန်မြို့တော်၏ လမ်းများ အဆင့်မြှင့်တင်ရေးအတွက် မြို့တော်အဝင် အဓိကလမ်းမကြီးများ အဆင့်မြင့်မွမ်းမံခြင်း၊ ဒဂုံမြို့သစ်၊ ရွှေပြည်သာ၊ လှိုင်သာယာမြို့များရှိ လမ်းများအဆင့်မြင့် မွမ်းမံခြင်း၊ လမ်းသစ်များ ဖောက်လုပ်ခြင်း၊ တံတားတည်ဆောက်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ သန်လျင်-ကျောက်တန်းဒေသ လမ်းများ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသူများက ရန်ကုန်မြို့တော် အဆင့်မြှင့်တင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဒဂုံရိပ်မွန်ခုံးကျော်တံတား

အခမ်းအနားအပြီးတွင် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ တည်ဆောက်ပြီးစီးနေသည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်များကို ဆက်သွယ်ပေးမည့် ဒဂုံရိပ်မွန် ခုံးကျော်တံတားကို သွားရောက်ကြည့်ရှုကြသည်။

ရွှေပင်လုံအိမ်ရာစီမံကိန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေပင်လုံအိမ်ရာစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရေးဦးစွာ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့ကျော်က ရွှေကျားပျံဆောက်လုပ်ရေးနှင့် Tosta Construction Group တို့ ပူးပေါင်း၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ ရွှေပင်လုံ အိမ်ရာစီမံကိန်း အကောင်အထည်ဖော်မှု၊ ရွှေပင်လုံ အိမ်ရာစီမံကိန်းတွင် စာသင်ကျောင်း၊ သုံးထပ်ဈေး၊ ဘောလုံးကွင်းများပါသော Public Zone၊ ရုပ်ရှင်ရုံ၊ ဈေးဆိုင်နှင့် လုပ်ငန်းရုံးများ၊ စီးပွားရေးလုပ်ငန်းနှင့် ကုန်တိုက်ကြီးများပါမည့် Commercial Zone နှင့် လူနေအိမ်ခန်းများပါမည့် Resident Zone တည်ဆောက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရွှေကျားပျံ ဆောက်လုပ်ရေး မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဇော်ထွန်းက ဒဂုံမြို့သစ်(မြောက်ပိုင်း) ရွှေပင်လုံ အိမ်ရာစီမံကိန်း၏ တည်နေရာ၊ အကျယ်အဝန်း၊ ဈေး၊ ကျောင်း၊ ဆေးရုံ၊ အားကစားကွင်း၊ အားကစားရုံ၊ ကုန်တိုက်ကြီးများ တည်ဆောက်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ရွှေပင်လုံ အိမ်ရာအတွင်း ကွန်ကရစ်လမ်းများ တည်ဆောက်ထားခြင်းတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ TMW Construction Group မှ စီမံကိန်းဒါရိုက်တာ ဦးဗညားလွင်က ဒဂုံမြို့သစ် (တောင်ပိုင်း)၌ ဆောင်ရွက်နေသည့် မြယမံစမ်းရိပ်မွန်အိမ်ရာ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)မြို့တို့မှာ တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ အခြေခံအဆောက်အအုံများလည်း ပြည့်စုံလာလျက်ရှိကြောင်း၊ ယခုအခါ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း) ဆက်သွယ်ပေးသည့် ဒဂုံရိပ်မွန် ခုံးကျော်တံတား တည်ဆောက်ပြီးစီးနေပြီ ဖြစ်သည့်အတွက် ယာဉ်သွားလာမှု ပိုမိုချောမွေ့လာမှာဖြစ်ကြောင်း၊ ဒဂုံရိပ်မွန် ခုံးကျော်တံတားနှင့် ဆက်စပ်ပြီး ရွှေပင်လုံအိမ်ရာစီမံကိန်းကို တည်ဆောက်နေသဖြင့် ဒဂုံမြို့သစ်၏ စည်ပင်ဖွံ့ဖြိုးမှုကို အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းစေမှာဖြစ်ကြောင်း၊ ထို့ပြင် ရွှေပင်လုံအိမ်ရာစီမံကိန်းတွင် ကျောင်း၊ ဆေးရုံ၊ ကုန်တိုက်၊ အားကစားရုံ၊ အားကစားကွင်း၊ လူနေအိမ်၊ စီးပွားရေးလုပ်ငန်းများ စသည့် လိုအပ်ချက်များ ပါရှိမည်ဖြစ်ရာ ရန်ကုန်မြို့၏ ပင်မနေရာတစ်ခုအဖြစ် ပေါ်ထွန်းလာမှာဖြစ်ကြောင်း၊ လုပ်ငန်းရည်မှန်းချက်များ အောင်မြင်ရေး၊သတ်မှတ်စီမံကိန်းအတိုင်း ဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တည်ဆောက်ဆဲ လုံးချင်းအိမ်များ၊ တည်ဆောက်ပြီး နှစ်လုံးတွဲတိုက်ခန်းများနှင့် ကွန်ကရစ်လမ်းများ ဖောက်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်မြောက်ပိုင်းရှိ ရွှေပင်လုံအိမ်ရာစီမံကိန်းအတွင်း၌ တည်ဆောက်မည့် ဆေးရုံပုံစံငယ်ကို တွေ့ရစဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၄ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ တည်ဆောက်နေသော ရွှေပင်လုံ အိမ်ရာစီမံကိန်း ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိမ် အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

နယ်မြေခံထောက်လှမ်းရေး၊ ကော့သောင်း မူးယစ်အထူးအဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မှုခင်းတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့နှင့် နယ်မြေခံရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၃၀ရက်တွင် သတင်းအရ မြိတ်တောင်နယ်မြေ စက်ဝင်းရပ် ငဝါ (၂) လမ်း၌ မသင်္ကာဖွယ်တွေ့ရှိရသူ မစန်းစန်းဝေထံမှ ဘိန်းစာမှုန့် ဂရမ်၇၀ ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ၎င်းတည်းခိုသော မြိတ်တောင်နယ်မြေ မြို့သစ် (၂)ရပ်ကွက် ပုလဲ (၂)လမ်း နေအိမ်မှ ဘိန်းစာမှုန့်၃၂ထုပ် စုစုပေါင်း အလေးချိန် ၂ဒသမ၂၄ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ နယ်မြေခံထောက်လှမ်းရေး တပ်ဖွဲ့ဝင်များနှင့် မူဆယ်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၁ရက်တွင် သတင်းအရ နမ့်ခမ်းမြို့နယ် ကောင်းဆာကျေးရွာ အဝင်၌ မူဆယ်မှ နမ့်ခမ်းသို့ မောင်းနှင်လာသော ရွှေရာဇာ ကားအသင်းမှ ယာဉ်အမှတ် ဆ/၇၉၆၄ ကို စစ်ဆေးရှာဖွေရာ ခရီးသည် မလဖိုင်ဂျာအိန် ကိုင်ဆောင်ထားသော အညိုရောင်အိတ်အတွင်းမှ ဆပ်ပြာခွက်နှစ်ခွက်ဖြင့် ထည့်ထားသော ဘိန်းဖြူ ၂၆ ဂရမ် ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ရဲစခန်းများက တရားခံများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ဆေးခြောက် ၃၀ ဒသမ ၇၇ ကီလို ဒဂုံမြို့သစ်(တောင်ပိုင်း)၌ ဖမ်းမိ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မူးယစ် (အထူး)တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၁ရက်တွင် ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ (၂၂) ရပ်ကွက်၊ မြတ်လေး (၅)လမ်း၊ အမှတ် (၄၀၈)နေ ဦးကျော်ငြိမ်း၏ သားကျော်ဝင်းတူး(ခ)ကျော်ထူး၏ နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ အိမ်ရှင် ကျော်ဝင်းတူးနှင့်အတူ ယင်းနေအိမ်တွင် ရောက်ရှိနေသော သာကေတမြို့နယ်၊ (၆)အနောက်ရပ်ကွက်၊ (၇) ဈေးလမ်းမကြီး အမှတ်(၁၀)နေ ဦးအုန်းရွှေ၏သား ဦးသိန်းတန်၊ သာကေတမြို့နယ် (၁)ရပ်ကွက် မြင်တော်သာလမ်း အမှတ် (၁၄၀၅) နေ ဦးလှိုင်အေး၏သား ရဲလွင်ဦး၊ သာကေတမြို့နယ် (၁) ရပ်ကွက် ထူပါရုံ (၁)လမ်း၊ အမှတ် (၉၀၉)နေ ဦးထွန်းလှ၏သား သိန်းဦးတို့ လေးဦးအား ဆေးခြောက် ၃၀ ဒသမ ၇၇ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိ တရားခံများနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ရှင်းလင်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းများ ရှင်းလင်းပွဲ အခမ်းအနားတွင် လုပ်ငန်းတာဝန်များ ရှင်းလင်းစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များအကြောင်း ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဦးဆောင်သောအဖွဲ့က မြန်မာနိုင်ငံ အမျိုးသမီးဆရာဝန်အသင်း(ရန်ကုန်)မှ အသင်းဝင်များအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းများအကြောင်း ရှင်းလင်းပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်အဧ္ဍ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယ ဥက္ကဋ္ဌများ ဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ ဒေါ်သန်းသန်းနွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဦးမျိုးမြင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဘာသာရပ်ဆိုင်ရာ အမှုဆောင်များ၊ အသင်းဝင်ဆရာဝန်များ၊ မြန်မာနိုင်ငံ အမျိုးသမီး ဆရာဝန်အသင်း (ရန်ကုန်) နာယကများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင် အမျိုးသမီးဆရာဝန်များ တက်ရောက်ကြသည်။

အမှာစကား

အခမ်းအနားတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဦးအက်စ်ကျော်လှက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး မြန်မာနိုင်ငံ ဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခဦးမျိုးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့်အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်ပုံကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အဖွဲ့ချုပ်၏ လုပ်ငန်းတာဝန်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြီး ရှင်းလင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။
(သတင်းစဉ်)

သွင်းကုန်အစားထိုး အိမ်တွင်းစက်မှုလက်မှု ထုတ်ကုန်ပစ္စည်းပြပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

သမဝါယမဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနသည် "သွင်းကုန်အစားထိုး အိမ်တွင်း စက်မှုလက်မှု ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဆွေးနွေးပွဲ ၂၀၀၄ခုနှစ်" ကို ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမကြီးပေါ်ရှိ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန(ရုံးချုပ်)ဝင်းအတွင်း ဖေဖော်ဝါရီ ၂၀ရက်မှ ၂၂ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၆နာရီထိ ကျင်းပရန် စီစဉ်လျက်ရှိသည်။

အဆိုပါပြပွဲတွင် စက်မှုကုန်ထုတ်သမဝါယမအသင်းများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်လုပ်ငန်းရှင်များ၊ စက်မှုဇုန်များနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများမှ ပါဝင်ပြသရန် စီစဉ်ထားသည်။

ပြပွဲတွင် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ထားသည့် စက်ပစ္စည်း၊ ကုန်ပစ္စည်းများ၊ နိုင်ငံတော် စီမံကိန်းကြီးများသို့ ပံ့ပိုးကူညီဆောင်ရွက်ပေးနေသည့် စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ၊ တီထွင်ထုတ်လုပ်ထားသော ထုတ်ကုန်ပစ္စည်းအမယ်သစ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုစက်ပစ္စည်းများ၊ လယ်ယာသုံး စက်ကိရိယာများ၊ စက်မှုဇုန်များမှ ထုတ်လုပ်သော မော်တော်ယာဉ်များ ခင်းကျင်းပြသမည်ဖြစ်သည်။ အဆိုပါစက်ပစ္စည်းများကို ပြသခြင်း၊ ရောင်းချခြင်းနှင့် ထုတ်လုပ်ရောင်းချရေးအတွက် အမှာစာဖြင့်ရောင်းချရေးများ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် ပွဲတော်ကာလအတွင်း စက်မှုလက်မှုလုပ်ငန်းဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲများကိုလည်း ကျင်းပမည်ဖြစ်ရာ အခမဲ့တက်ရောက် လေ့လာဆွေးနွေးနိုင်ကြောင်းနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာများ၊ အကြံဉာဏ်များ ရယူနိုင်မည်ဖြစ်သည်။

ပွဲတော်တွင် ပါဝင်ခင်းကျင်းပြသရောင်းချလိုသူများသည် သွင်းကုန်အစားထိုး အိမ်တွင်းစက်မှုလက်မှု ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဆွေးနွေးပွဲ ၂၀၀၄ခုနှစ် ကျင်းပရေးဦးစီးကော်မတီ ဖုန်း– ၀၁–၆၆၁၀၇၆၊ ၆၆၃၈၅၈နှင့် ၆၆၂၉၅၆ တို့သို့ တိုက်ရိုက်ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် သတ္တမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ် အထိမ်းအမှတ် ဟောပြောပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေး အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

သတ္တမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှုရက်သတ္တပတ် အထိမ်းအမှတ်ဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် သတ္တမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြည်းလာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေး တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစံရွှေဝင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယကအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် ကော်မတီဝင်များ၊ ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ်များမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ သူနာပြုသင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက သတ္တမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် အထိမ်းအမှတ်ဟောပြောပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ၂၀၀၄ ခုနှစ် သတ္တမနှစ်အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ဆောင်ပုဒ်ဖြစ်သော "တစ်သက်တာကျန်းမာဖို့၊သန့်ရှင်းအိမ်သာသုံးကြစို့"၊ "ကျန်းမာခြင်းအစ လက်သန့်ရှင်းရေးက" ဆောင်ပုဒ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကျန်းမာရေး စီမံကိန်း ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး (ကျန်းမာ၊ ပညာ) ဦးမောင်ကျော်ကျော်က သန့် ငါးသန့်အကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။
(သတင်းစဉ်)

ဒါတွေကို သိဖို့လိုတယ်

* မြှောက်တိုင်းလည်း မမြှောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

အတွေးသစ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားခွင့် ရရှိသူများ စာရင်းနှင့်အတူ၊ ဓမ္မဘေရီ–အရှင် ဝီရိယ(တောင်စွန်း)၊ ထက်ခေါင်၊ ဦးမောင်မောင်စိုးတင့်၊ ဇော်ထက်၊ ခင်စောတင့်၊ အတ္တကျော်၊ ဌေးမောင်၊မောင်ဆန်းကြယ်၊ ဒေါက်တာခင်မောင်ညို၊ စိုးမြိုင်၊ လင်း–ဆေး(၁)၊ မောင်ကျေးဇူး၊ ကျော်ဦး၊ ခင်ပန်နှင်းနှင့် စာရေးဆရာ ဘယ်လိုဖြစ်လာသလဲ (ကောင်းသန့်) အပါအဝင် မျက်မှောက်ရန်ကုန်၊ မျက်မှောက် မန္တလေး၊ အင်တာနက်သတင်းများဖြင့် အတွေးသစ်ဂျာနယ်၊ အတွဲ–၄၊ အမှတ်စဉ် ၁၇၂ ကို ဖြန့်ချိထားသည်။ **(ယာပုံ)**
(က–ပ)

သုတေသနပြု ငါးသားဖောက်နည်းပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ သုတေသနပြု ငါးသားဖောက်နည်းပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ၇ရက် နံနက်၉နာရီတွင် အလုံမြို့နယ် ဆင်မင်းလမ်းရှိ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှဝင်းက ငါးသားဖောက် နည်းပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပရခြင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်းများမှ ငါးလုပ်ငန်းစခန်းများ၏ ငါးမျိုးသားဖောက်ခြင်း စာတမ်းခုနစ်စောင်ကို ရုပ်မြင်ဆလိုက်များဖြင့် ရှင်းလင်းတင်ပြကြသည်။ အဆိုပါ ငါးသားဖောက်ခြင်းဆိုင်ရာ နှီးနှောဖလှယ်ပွဲ၌ ငါးမွေးကန်များအတွက် မျိုးကောင်းမျိုးသန့်များ ဖြည့်ဆည်းပေးရန်နှင့် သဘာဝရေပြင်ရေရိုးများ၌ ငါးသားပေါက်များ စဉ်ဆက်မပြတ်စေရေးအတွက် ဖြည့်ဆည်းပေးရန်၊ မျိုးတုံးရှားပါးစပြုလာသည့် တိုင်းရင်းငါးမျိုးများအား သုတေသနပြု စမ်းသပ်သားဖောက်၍ ဖြန့်ဖြူးပေးရန်စသည့် လုပ်ငန်းရပ်များကို စာတမ်းများတင်သွင်း၍ အကျယ်တဝင့် ဆွေးနွေးကြသည်။ နှီးနှောဖလှယ်ပွဲသို့ ပြည်နယ်၊ တိုင်း၊ ခရိုင် ငါးလုပ်ငန်းဦးစီးဌာနများနှင့် ငါးလုပ်ငန်းစခန်းများ၊ ပုဂ္ဂလိက ငါးမျိုးသားဖောက်ထုတ်လုပ်သူများ၊ လေ့လာသူများ အင်အား ၁၅၀ကျော် တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သုံးခွမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျေးရွာတိုင်းတွင် စာကြည့်တိုက်ဖွင့်လှစ်နိုင်ရေးကြိုးပမ်း ပြန်ကြားရေးလုပ်ငန်းများသွက်လက်ထက်မြက်ရန်ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ကြိုဆို

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (ရုံးချုပ်)မှ တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၇နာရီခွဲတွင် သုံးခွမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ရောက်ရှိလာရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

မှာကြား

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ရုံးရှေ့၌စိုက်ထူပြသထားသည့်နံရံကပ်စာစောင်ပြသထားမှု၊ သုံးခွမြို့နယ်အတွင်းလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများပြသထားမှု၊ ရုပ်မြင်သံကြားခန်းမနှင့် စာကြည့်ခန်းမတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စာကြည့်ခန်းမ၌ သုံးခွမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွန့်ရွှေက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နံရံကပ်စာစောင်များကို မိမိတို့ရုံးရှေ့၌ ပြသထားခြင်းအပြင် အများပြည်သူများ စည်ကားရာနေရာများတွင်လည်း ပြသရေး၊ ကျေးရွာတိုင်းတွင် စာကြည့်တိုက်များဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ ထူထောင်ထားပြီးဖြစ်သော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ နယ်လှည့်စာကြည့်တိုက်များကို ကျေးရွာတိုင်းသို့ တစ်ခေါက် မရောက်ရောက်အောင် သွားရောက်၍ ပြည်သူများ အသိပညာ ပြန့်ပွားအောင် ဆောင်ရွက်ရေး၊ သတင်းစာ (သို့မဟုတ်) ဂျာနယ် တစ်စောင် ကျေးရွာတိုင်းသို့ ရောက်ရှိအောင် ဆောင်ရွက်ရေး၊ နယ်စပ်ဒေသနှင့် အစွန်အဖျား ကျေးလက်ဒေသများသို့ပါ ပြန်ကြားရေးလုပ်ငန်းများ ပျံ့နှံ့ရောက်ရှိအောင် ဆောင်ရွက်ရေး၊ ပြန်ကြားရေးလုပ်ငန်းများကိုသွက်လက်ထက်မြက်ပြီး အရည်အသွေး မြင့်မားအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် သုံးခွမြို့နယ် ကျေးရွာလူထု အသိပညာပြန့်ပွားရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များနှင့် နယ်လှည့်စာကြည့်တိုက်များအတွက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ အလှူရှင်များဖြစ်ကြသော ရန်ကုန်မြို့ ကမာရွတ်မြို့နယ်နေ ဦးမြင့်ဦးနှင့်ဇနီး ဒေါ်သစ်သစ်ဦး မိသားစုက မိဘများအားအမှူးထား၍ ငွေကျပ်တစ်သိန်းနှင့် သာကေတမြို့နယ် အမှတ်(၃)ရပ်ကွက် မာန်ပြေ(၁၄)လမ်းနေ ဦးလှအေးနှင့်ဇနီး ဒေါ်မြင့်မြင့်ရီ မိသားစုက ငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ပခန်းဒေသရှေးဟောင်းရွှေဘုန်းပွင့်စေတီတော် ထီးတော်တင်ပွဲနှင့် စိန်ဖူးတော်တင်လှူပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

သီရိဓမ္မာသောကမင်းကြီးနှင့် အလောင်းစည်သူမင်းကြီးတို့ တည်ထားကိုးကွယ်ခဲ့သော ရေစကြိုမြို့နယ် ပခန်းဒေသ မင်းရွာ ရှေးဟောင်းစေတီတော်မြတ်ကြီးသည် ပျက်စီးယိုယွင်းခဲ့သည့်အတွက် မဟာသစ္စာအောင်မြေ ဇမ္ဗူထိန်လင်းဆရာတော် ဘဒ္ဒန္တပညာနန္ဒ (စာချဓမ္မကထိက) အရှင်သူမြတ် ဦးဆောင်၍ ရန်ကုန်မြို့မှ အလှူရှင်များက ၁၃၆၅ခုနှစ် တန်ခူးလဆန်း ၁ရက် တနင်္ဂနွေနေ့ နံနက်တွင် ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်အသစ် တင်လှူခြင်းနှင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူ စုပေါင်းရေစက်ချ အခမ်းအနားကျင်းပမည်ဖြစ်သည်။ စေတီတော်ကြီး ဘက်စုံမွမ်းမံပြင်ဆင်မှုများအတွက် လှူဒါန်းလိုပါက ပန်းဘဲတန်းမြို့နယ် ၁၀၅ (၃၂)လမ်း မြတ်မွန်ရတနာ ဖိတ်စာအမျိုးမျိုးနှင့် စာရေးကိရိယာ ဖုန်း-၂၈၅၀၇၀၊၃၇၇၈၅၅ သို့ဖြစ်စေ၊ မြင်းခြံမြို့၊ စိန်မိတ္တူကွန်ပျူတာနှင့် ပုံနှိပ်တိုက် ဖုန်း- ၀၆၆-၂၁၇၄၈၊ ၀၆၂-၃၀၄၀၆ ရေစကြိုမြို့သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

လှူဒါန်းငွေများ လက်ခံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သုံးခွမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များနှင့် နယ်လှည့်စာကြည့်တိုက်များအတွက် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မန္တလေးမြို့မှ အဘိဓေ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မြတောင်တိုက် ရွှေဝါဝင်းကျောင်း ဆရာတော် ဘဒ္ဒန္တ သာသနာဘိဝံသနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ဖြစ်တော်မူကြသည့် မဟာဝိသုဒ္ဓါရုံ တိုက်သစ်ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာဝံသ၊ မူလဆီးဘန်နီ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဆရာတော် ဘဒ္ဒန္တ ကေသဝ အရှင်သူမြတ်တို့အား မန္တလေးအသင်း (ရန်ကုန်)က မတ် ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ မန္တလေးအသင်းတိုက်၌ပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ အသင်းတိုက် ဖုန်း-၂၈၆၀၉၉ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၃ ရက်က စမ်းချောင်းမြို့နယ် ကျောင်းမိသားစု အုပ်စု (၁)၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ထူးချွန်ထက်မြက်ဆုပေးပွဲ အခမ်းအနားကိုအထက (၁) စမ်းချောင်းတွင် ကျင်းပရာ စတုတ္ထတန်း ဘာသာစုံနှင့် ဘက်စုံထူးချွန်ဆုရ အမက (၁)စမ်းချောင်းမှ မောင်ထင်ပေါ်ဦးအား ကျောင်းအုပ်ဆရာကြီးက ဆုချီးမြှင့်စဉ်။ (က-ပ)

ဂရင်းရွိုင်ရယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အပျော်တမ်း ဂေါက်သီးရိုက်အားကစားသမားများနှင့် ကလပ်အသင်းများ ဂေါက်သီးရိုက်အားကစား အဆင့်အတန်းမြင့်မားစေရန် ရည်ရွယ်ချက်ဖြင့် International Beverages Trading Co., Ltd က ကြီးမှူးကျင်းပသည့် ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ (Grand Royal Special Reserve Golf Tournament) ထားဝယ်ပွဲစဉ်၏ ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁ရက် ညနေ၆ နာရီခွဲတွင် ထားဝယ်မြို့ ဂေါက်ကွင်း၌ ကျင်းပသည်။

နှုတ်ခွန်းဆက်စကားပြောကြား

အခမ်းအနားတွင် I.B.T.Cကုမ္ပဏီမှ Quality Control Director ဦးတင့်ဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပထမဆုရရှိသွားသော ဦးစိုးသိန်း(ထားဝယ်)အား ဆုတံဆိပ်နှင့် ဆမ်ဆောင်း ၂၁ လက်မ တီဗွီကိုလည်းကောင်း၊ ဒုတိယဆုရရှိသော တပ်ကြပ်ကြီးမောင်မြ(မြိတ်)အား ဆုတံဆိပ်နှင့် ဆမ်ဆောင်းဒီဗီဒီစက်ကိုလည်းကောင်း၊ တတိယဆုရရှိသော ဦးကျော်စွာ(ထားဝယ်)အား ဆုတံဆိပ်နှင့် ဆမ်ဆောင်းဗီစီဒီစက်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆုများချီးမြှင့်

ထို့နောက် အနီးဆုံးရိုက်ချက်ဆုရရှိသော ဦးလှဌေး(ထားဝယ်)၊ အဝေးဆုံးရိုက်ချက်ဆုရရှိသော ဦးဝင်းမောင်(မြိတ်)၊ Most Per ဆုရရှိသော ဦးသူရိန်သန်းဆွေ(ရေဖြူ)၊ Most Birdies ဆုရရှိသော တပ်ကြပ်ကြီးမောင်မြ(မြိတ်)တို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

Grand Royal Special Reserve Golf Tournament ထားဝယ်ပွဲစဉ်တွင် ဆုရရှိသူ တစ်ဦးအား I.B.T.C ကုမ္ပဏီမှ Quality Control Director ဦးတင့်ဦးက ဆုချီးမြှင့်စဉ်။ (က-ပ)

ဆုပေါင်း ၁၇ ဆု

ဂရင်းရွိုင်ရယ်စပါယ်ရှယ် ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ထားဝယ်ပွဲစဉ်တွင် ပြိုင်ပွဲဝင် ၆၆ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုပေါင်း ၁၇ ဆု ချီးမြှင့်ခဲ့သည်။

ထားဝယ်ပွဲစဉ်သည် Grand Royal Special Reserve Golf Tournament(2003-2004) ၏ နောက်ဆုံးပွဲစဉ်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

နံရံအလှဆင်ပစ္စည်းများ ဖြန့်ဖြူးလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အိမ်ခန်းတစ်ခန်း မွမ်းမံသောနေရာတွင် ကြမ်းခင်းအလှနှင့် နံရံအလှသည် အိမ်တစ်လုံးအတွက် မပါမဖြစ်သော ကဏ္ဍဖြစ်သည်။ Home Distribution Group မှ သုတ်ဆေးအစားထိုး Decorative Wall Covering များကို ဈေးနှုန်းချိုသာစွာရောင်းချပေးလျက်ရှိသည်။

အဆိုပါသုတ်ဆေးအစားထိုး Decorative Wall Coveringများသည် ဆပ်ပြာရည်ဖြင့် လွယ်ကူစွာ သန့်ရှင်းနိုင်ခြင်း၊ ပေါက်ပျက်သွားလျှင် ဆင်တူအပွင့်ဒီဇိုင်းနှင့် ဆက်ကြောင်းပျောက် အသားအစားထိုးနိုင်ခြင်း၊ ဒီဇိုင်းပြောင်းလိုက အဟောင်းခွာ၍အသစ်ကပ်နိုင်ခြင်း၊ ဆေးသုတ်သကဲ့သို့ ဆေးစက်စင်ခြင်း၊ နံခြင်းမရှိခြင်း၊ သုတ်ဆေးထက် ဈေးသက်သာခြင်းတို့ကြောင့် အိမ်ခန်းများအလှဆင်ရာတွင် သုံးစွဲရန်သင့်လျော်ကြောင်းသိရသည်။

အသေးစိတ်သိလိုပါက Home Distribution Group F(2-6) အောင်ဆန်းကွင်း မြောက်ဘက်တန်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၀၁-၂၅၁၉၆၀၊ ၂၅၁၉၆၁နှင့် ၂၅၁၉၆၂ တို့သို့ မေးမြန်းနိုင်သည်။ (က-ပ)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ဒုတိယဗိုလ်မှူးကြီးမောင်မောင်လှိုင်(ငြိမ်း)နှင့် ဗိုလ်မှူးကြီးဒေါ်မာလာသန်းတို့၏သား
မောင်ကျော်စွာလှိုင် [B.Sc.(Bot)]
နှင့်
ဒုတိယဗိုလ်မှူးကြီးထွန်းဦး(ရေ–ငြိမ်း)နှင့် ဒေါ်ဝင်းမြတ်လွင်တို့၏ တစ်ဦးတည်းသောသမီး
မခင်ဥမ္မာ [B.Sc.(Maths)]

တို့၏ ၁၄–၂–၂၀၀၄ ရက်နေ့တွင် Traders Hotel ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့်ဇနီး ဒေါ်ခင်ခင်အေးအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဦးသန်းရွှေနှင့် ဇနီး ဒေါ်ရင်ရင်မြအားလည်းကောင်း၊ ၆–၂–၂၀၀၄ ရက်နေ့တွင် တရားရုံးချုပ်၌ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော ပုဂ္ဂိုလ်များအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်တေးသီချင်း သီဆိုပေးသော တေးသံရှင် စိမ်းမိုမို၊ ဇော်ဝင်းရှိန် တေးဂီတအဖွဲ့၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးသော မိတ်ကပ်အောင်အောင်နှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယို ရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ သတို့သမီးဝတ်စုံချုပ်လုပ်ဆင်မြန်းပေးသော မရတနာ၊ ပန်းအလှပြင်ပေးသော Eternal Flower မှ မနီလာ၊ Traders Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲအောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်စွာလှိုင်–မခင်ဥမ္မာ။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

မော်လမြိုင်မြို့၊ ၂(အေ)၊ စကားဝါလမ်း၊ ရွှေတောင်ရပ်နေ
ဦးတင်မြင့်–ဒေါ်ဝင်းကြည်(New National Electronics) တို့၏သားကြီး
ဒေါက်တာကျော်ကံကောင်း [M.B.,B.S(Ygn)]
နှင့်
ရဲမှူးကြီး ဦးသိမ်းစိုး(ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ကယားပြည်နယ်)–ဒေါ်တင်တင်ဝင်း တို့၏သမီးကြီး
ဟသ်္သာတမြို့နေ ဒေါက်တာတင်သိန်း–ဒေါ်မြင့်မြင့်ဝင်းတို့၏ တူမ
ဒေါက်တာခိုင်ရွှေဝါ [M.B.,B.S(Ygn)]

တို့၏ ၁၄–၂–၂၀၀၄ (စနေနေ့) International Business Center ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးသော ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်နှင့် ဇနီး ဒေါ်ခင်လှလှ၊ မင်္ဂလာလက်စွပ်များ ဆင်မြန်းပေးသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် ဇနီး ဒေါ်စန်းစန်းဝေ၊ မင်္ဂလာရွှေဆွဲကြိုးကုံးများ ဆင်မြန်းပေးသော ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဇနီး ဒေါ်ခင်မေစိုး၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်သော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဆရာဝန်ကြီးများ၊ အခမ်းအနားမှူး ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်သီချင်း သီဆိုပေးသော ရတနာဦးနှင့် စန္ဒရားသိန်းမြင့်သန်းနှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော ညီမလေး မရွှေရည်ဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းများ ကိုင်ဆောင်ပေးသော ဒေါက်တာမေစုဟန်နှင့် ဒေါက်တာစန်းစန်းဝင်း၊ မိတ်ကပ်ဆံပင် အလှဆင်ပေးသော အလှဖန်တီးရှင် မိတ်ကပ် ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာပွဲဖြစ်မြောက်အောင်မြင်ရန် ကူညီဆောင်ရွက်ပေးသော မိတ်ဆွေသင်္ဂဟအပေါင်းနှင့် I.B.C မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်သော ဂုဏ်သရေရှိလူကြီးမင်းအပေါင်းတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာကျော်ကံကောင်း–ဒေါက်တာခိုင်ရွှေဝါ။

သမ္မတသက်နှင်းတိုက်ပိုင်ရှင် ဦးသန်းနိုင် အား ဝမ်းမြောက်ဂုဏ်ယူခြင်း

[illegible]

တပ်မတော်ကလေးများ အလယ်တန်းကျောင်း အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်မြို့ စကားဝါလမ်း ယခင်တပ်မတော်ကလေးများ အလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၇ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲ၌ မဟာဗန္ဓုလပန်းခြံလမ်းရှိ အောင်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမကြီးများ ပူဇော်ပွဲသို့ ကြွရောက်ပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

အလှူငွေများကို ဦးသောင်းဟန် ဖုန်း–၂၅၄၈၃၆၊ ၂၈၅၂၈၁၊ ဒေါ်ဂျက်နက် ဖုန်း–၂၄၁၀၂၃၊ ၂၄၈၇၉၅၊ ဒေါ်ညွှန့်ညွှန့်တင် ဖုန်း–၆၉၉၅၁၁၊ ၆၉၉၅၁၈၊ ဒေါ်အေးအေးအောင် (ခ) ဒေါ်အိမ်ကြည် ဖုန်း–၃၇၄၁၇၄၊ ဦးခင်မောင်ဝင်း ဖုန်း–၂၉၅၉၉၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (၆၇)

အလုပ်လျှောက်လွှာခေါ်ယူခြင်း
(မြန်မာကျပ်ငွေဖြင့်)

FAME Pharmaceuticals Co; Ltd မှ အောက်ပါရာထူးများ လစ်လပ်လျက်ရှိပါသည်။

၁။	Research Officer (ဆရာဝန်)	(၁)
၂။	Pharmacist	(၃)
၃။	Marketing Manager (ဆရာဝန် သို့မဟုတ် သိပ္ပံဘွဲ့ရ)	(၁)
၄။	Sales Manager (သိပ္ပံဘွဲ့ရ)	(၁)
၅။	Assistant Accountant (B.Com သို့မဟုတ် LCCI Level III)	(၁)
၆။	Medical Representative	(၃)

အမှတ်စဉ် (၆) အတွက် မော်လမြိုင်၊ တောင်ငူ၊ ပြည်၊ ပဲခူး၊ ပုသိမ်၊ မကွေး၊ မိတ္ထီလာ မြို့များတွင် နေထိုင်သူဖြစ် ရမည်။ B.Sc ဘွဲ့ရ ၊ဆေးဝါးလုပ်ငန်းအတွေ့အကြုံရှိပြီး Herbal Medicine ကိုစိတ်ဝင်စားသူ ဖြစ်ရမည်။ အထက်ပါရာထူးအားလုံးအတွက် လုပ်ငန်းအတွေ့အကြုံရှိ သူကို ဦးစားပေးမည်။ အလုပ်လျှောက်ထားသူသည် သက်ဆိုင်ရာ ပညာအရည်အချင်းအထောက်အထားများအပြည့်အစုံပါဝင်ရမည်ဖြစ်ပြီးခြောက်လအတွင်း ရိုက်ယူထားသော ဓာတ်ပုံနှစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်ကတ်၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာများနှင့်အတူကြော်ငြာပါသည့်နေ့မှစ၍တစ်ပတ်အတွင်းအမှတ်(၂၀) မင်းကြီးမဟာမင်းခေါင်လမ်း နှင့် နဝဒေးလမ်းခေါင့်၊ စက်မှုဇုံ (၃)၊ လှိုင်သာယာ၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

အမြန်အလိုရှိသည် (ပြည်တွင်းခွဲခန့်ထားရန်)

၁။ Sales & Service Manager(၁)ဦး (အသက်အကန့်အသတ်မရှိ)
- [illegible]
- [illegible]
၂။ [illegible] /Supervisor (၁) ဦး (အသက်အကန့်အသတ်မရှိ)
- [illegible]
၃။ [illegible] (၁၀) ဦး [illegible]
[illegible]

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆–၂–၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅ ၆။ အရေးပြိုင်ပွဲ
၈:၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၀ ၈။ ရှမ်းပြည်နယ်အရှေ့ပိုင်းနမ့်မွေတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅:၁၅ ၆။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၃၀ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅:၄၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၅:၄၅ ၉။ **(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု နှစ်ပါးသွားအစီအစဉ် (မင်းသား– အောင်ကိုဝင်း၊ မင်းသမီး–မိချန်းလန်း၊တင်မိုးဝါ၊ လူရွှင်တော်– ငွေမိုး၊ ငွေတောင်၊ ရွှေအိုး၊ ပြာလောင်၊ ဒိန်းဒေါင်၊ နေကျော်)**
၆:၂၀ ၁၀။ Discovery.
၆:၃၀ ၁၁။ ညနေခင်းသတင်း
၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၃။ Milo Success in Soccer.
၇:၁၀ ၁၄။ **ရင်မှာစွဲထင် ဇာတ်လမ်းရုပ်ရှင် (အပိုင်း–၁)**
၇:၃၀ ၁၅။ စက်မှုစွမ်းအားခေတ်ကျော်လွှား
၇:၄၀ ၁၆။ တေးဂီတအစီအစဉ်
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ တုံ့မယူလို (အပိုင်း–၂၇)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၃၈) စတင်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက အပတ်စဉ် တနင်္လာနေ့တိုင်း ဖြန့်ချိနေသော နိုင်ငံတကာသတင်း ဂျာနယ် အမှတ် (၄၃၈)ကို ယနေ့ စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် ဦးဦးဖျားဖျား ထူးထူးခြားခြား ရေးသားတင်ဆက်လျက်ရှိသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ် စာစောင်တွင် ချွေလက်နက်များမပြန့်ပွားရေး နှိုးဆော်လိုက်သည့် နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီအကြီးအကဲ ဘာရာဒေး၊ အီရတ်တွင် အမေရိကန်တပ်ဖွဲ့က သိမ်းဆည်းရမိသော ထူးခြားသည့် မှတ်တမ်းစာလွှာ၊ တူရကီနိုင်ငံအကြောင်းသိမှတ်ဖွယ်ရာ၊ တည်ငြိမ်အေးချမ်းမှုမရှိသည့် ဖော်လူဂျာမြို့၊ တရုတ်ပြည် သိပ္ပံနှင့် နည်းပညာပြတိုက်၊ မလေးရှားဝန်ကြီးချုပ်၏ လူတွေ့မေးမြန်းခန်း၊ အမေရိကန်စီးပွားရေးနှင့် ငွေရေးကြေးရေးပြဿနာများ၊ အီရတ်နယ်ခြားလုံခြုံရေး၊ အီရတ်ရေနံလုပ်ငန်းအလားအလာ၊ ငါးစားခြင်းဖြင့်အမျိုးသားတို့ ရနိုင်သောကောင်းကျိုးများ၊ အာဖရိကတိုက်မှ လူ့ကိုယ်တွင်းအင်္ဂါ မှောင်ခိုရောင်းဝယ်သူများ၊ ဗီယက်နမ်စစ်ပွဲကာလအတွင်း စစ်မှုထမ်းတာဝန် ထမ်းဆောင်ရခြင်း မရှိစေရန် သမ္မတဘုရှ် ရှောင်လွှဲခဲ့သလော၊ စီအိုင်အေသတင်းများ၏ ပျော့ကွက် ဟာကွက်များ၊ စီးပွားရေး စန်းပွင့်လာသောတရုတ်ပြည် စသည့် သတင်းများနှင့် ဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။ (ကြေးမုံ)

ကလေးများအတွက် နွေရာသီသင်တန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ကလေးများအတွက် နွေရာသီကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများ၊ အင်္ဂလိပ်၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ပြင်သစ်ဘာသာ စကားပြောသင်တန်းများနှင့် ပန်းချီပညာ သင်တန်းများကို GP Foreign Languages & Computer Training Center မှ ကြီးမှူး၍ မတ်လဆန်းတွင် ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်ရာ Center-I အမှတ်(၅) ဧယျာသီရိလမ်း လှည်းတန်း ကမာရွတ်မြို့နယ် ဖုန်း–၅၃၇၂၃၁ နှင့် Center-II အမှတ်(၁၁၇) တတိယထပ် ဆိပ်ကမ်းသာလမ်း(အောက်) ကျောက်တံတားမြို့နယ် ဖုန်း–၂၅၆၇၉၆ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က–ပ)

ဓမ္မဒူတ အရှင်ပညိဿရ တရားစခန်းများ

ဘီးလင်း ဖေဖော်ဝါရီ ၁၀

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်း ဓမ္မဒူတ တောရကျောင်းတိုက် နာယကဆရာတော် အရှင်ပညိဿရ (ဓမ္မာစရိယ M.A) သည် ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၂ ရက် အထိ ဂွမြို့ ညောင်ဝိုင်းကျောင်းတိုက် ခုနစ်ရက်တရားစခန်း၌လည်းကောင်း၊ ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၉ ရက်ထိ သံတွဲမြို့နယ် ကျိန္တလီ လယ်တီ တောင်ပေါ်ကျောင်းတိုက် ခုနစ်ရက်တရားစခန်း၌ လည်းကောင်း တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ **(က–ပ)**

နှစ် (၁၀၀) ပြည့်အထိမ်းအမှတ်စာစောင် ပူဇော်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး တည်ဆောက်ဖွင့်လှစ်ခဲ့သည့် နှစ်ပေါင်း (၁၀၀)ပြည့်အထိမ်းအမှတ်အဖြစ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်စာစောင်ကို ထုတ်ဝေခဲ့သည်။

ရာပြည့်စာစောင်၌ ဆရာကြီးအဆက်ဆက်က သာသနာတော်အတွက် ဆောင်ရွက်ခဲ့ပုံ၊ နိုင်ငံတော်အစိုးရအဆက်ဆက် ကူညီဆောင်ရွက်ခဲ့ပုံများ၊ ပခုက္ကူမြို့သူ၊ မြို့သားများနှင့် အခြားမြို့ရွာတို့မှ ဒါယကာ၊ ဒါယိကာမများက လှူဒါန်းခဲ့ပုံများကို ရှုထောင့်မျိုးစုံမှ တင်ပြထားသည်။ မဟာသိမ်တော်ကြီး ဂေါပကရုံးအတွင်းရေးမှူး ဦးမျိုးဆန်းထံတွင် တစ်အုပ် ကျပ် ၁၅၀၀ ဖြင့် ပူဇော်ကြည်ညိုနိုင်ကြောင်း သိရသည်။ **(က–ပ)**

စစ်တွေမြို့ ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် အမှတ်(၁)ရပ်ကွက် ရေကန်တူးဖော်နေမှုအား ဇန်နဝါရီ ၂၇ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇောလှ၊ အမှုဆောင်အရာရှိ ဦးသိန်းအောင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဦးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၂၆၄)

ကြီးကြပ်ဆောင်ရွက်

ဖေဖော်ဝါရီ ၃ ရက်က စည်ပင်ဝန်ထမ်းများ ပန်းအိုးများ လဲလှယ်ခြင်း၊ လမ်းဘေး ဝဲ–ယာ မြက်ခင်းအလှ ဆောင်ရွက်ခြင်းတို့ကို ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဌေးနှင့် အငယ်တန်း အင်ဂျင်နီယာ–၂(မြို့ပြ) ဦးအောင်ကိုကိုတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

စစ်ကိုင်းမြို့ ပန်းဘဲတန်း ကုန်တိုက်လမ်း စည်ပင်နှင့် ပြည်သူ ပူးပေါင်းကတ္တရာလမ်းခင်း

စစ်ကိုင်း ဖေဖော်ဝါရီ ၅

စစ်ကိုင်းမြို့ ပန်းဘဲတန်းကုန်တိုက်လမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်လမ်းသူ၊ လမ်းသားများပူးပေါင်း၍ ၁၈ ပေအကျယ်၊ အရှည်ပေ ၁၂၅၀ ရှိ ကတ္တရာလမ်းမကြီးအဖြစ် ဇန်နဝါရီ ၃၀ ရက်က စတင်ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

လမ်းသစ်ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနှင့် လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခင်မာဝေတို့က ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ ၎င်းလမ်းကို ပြည်သူထည့်ဝင်ငွေကျပ် ၁၈ သိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် သိန်း ၂၀ အပြင် စက်ယန္တရားများဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှု မုံရွာမြို့တွင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မုံရွာ ဖေဖော်ဝါရီ ၁၀

လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)တို့ပူးပေါင်းပြီး စစ်ကိုင်းတိုင်းတိုင်းအဆင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်း အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ UNICEF မှ ကိုယ်စားလှယ်များ၊ တိုင်းအဆင့် ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို လူမှုဝန်ထမ်းဦးစီးဌာန၊ UNICEF မှ ကိုယ်စားလှယ်များ၊ စစ်ကိုင်းတိုင်းအဆင့် ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်တို့က နှစ်ရက်တိုင် ဆွေးနွေးကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

မြို့နယ်သတင်းများ

ကော့ကရိတ်တွင် ပတ်ဝန်းကျင်သန့်ရှင်းရေး ညှိနှိုင်း

ကော့ကရိတ် ဖေဖော်ဝါရီ ၄

သတ္တမအကြိမ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအသိပေး ညှိနှိုင်းဆွေးနွေးပွဲ (မြို့နယ်အဆင့်)နှင့် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီက ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံ သင်တန်းခန်းမ၌ ကျင်းပသည်။

— အမှာစကားပြောကြား —

အခမ်းအနားတွင် ကရင်ပြည်နယ် ကော့ကရိတ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဝင်းနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်စိုးတို့က အမှာစကားပြောကြားသည်။

— တက်ရောက် —

အဆိုပါ ဆွေးနွေးပွဲနှင့် ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း ကျောင်းအုပ်ကြီးများနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြသည်။ **(ခရိုင်ပြန်/ဆက်)**

ဓမ္မသဘင် ဆင်ယင်ကျင်းပမည်

ဖျာပုံ ဖေဖော်ဝါရီ ၁၀

ဖျာပုံမြို့ အမှတ်(၄)ရပ်ကွက် သီရိမင်္ဂလာ ကံဦး ပရိယတ္တိစာသင်တိုက်အတွင်းရှိ ဓမ္မကာရီ သုံးထပ်ကျောင်းဆောင်ကြီး အောင်မြင်မှု အထိမ်းအမှတ် ဓမ္မသဘင်ပူဇော်ပွဲကို တပို့တွဲလပြည့်ကျော် ၁၂ ရက် ည ၈ နာရီတွင် မြစ်သား ဆရာတော် အရှင်ဝါသဝ (ဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ)နှင့် တပို့တွဲလပြည့်ကျော် ၁၃ ရက် ည ၈ နာရီတွင် တွံတေး အရှင်ဣန္ဒကတို့က တရားဓမ္မများ ဟောကြားချီးမြှင့်မည်ဖြစ်သည်။ **(က–ပ)**

ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော အားကစားကွင်းလမ်း (မြို့ပြ) ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ကိုသန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)



သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

မကွေး ဖေဖော်ဝါရီ ၁၂

မကွေးမြို့နယ်အသင်း (ရန်ကုန်)၏ ဂုဏာပူဇာ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၇ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ (မကွေးဆရာတော်)နှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်းခံရသော မကွေးမြို့မှ သံဃာတော်သုံးပါး၊ သီလရှင်နှစ်ပါးတို့အား ဂုဏ်ပြုပူဇော်ခြင်းနှင့် အသင်းဝင်များအနက်မှ အသက် (၇၅)နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအား ပူဇော်ခြင်း၊ ၂၀၀၃ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးများအား ဆုချီးမြှင့်မည်ဖြစ်ရာ ဦးတင်ထွန်း ဖုန်း–၅၁၃၂၆၂၊ ဦးအေးကို ဖုန်း–၆၈၁၁၁၃၊ ဦးမြင့်သိန်း ဖုန်း–၅၇၉၅၆၆ တို့သို့ စာရင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန်တောင်ပိုင်းခရိုင် ဂျီအီးစီ၏ အဋ္ဌမအကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၅ ရက်က သန်လျင်ခရိုင် ဂျီအီးစီ ခန်းမ၌ ပြုလုပ်ရာ ခရိုင် ပညာရည်ချွန် ပထမဆုရရှိသူ မနှင်းဖြူဖြူအောင်အား ရန်ကုန်တိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (၅၂၇)

မြို့တွင်းလမ်းများ စနစ်ကျရေးဆောင်ရွက်

တီးတိန် ဖေဖော်ဝါရီ ၁၀

တီးတိန်မြို့တွင်လမ်းများ သပ်ရပ်မှုရှိစေရန်နှင့် မြေထိန်းနံရံများ၊ လမ်းကွေ့အမှတ်အသားများ စနစ်တကျဖြစ်စေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ တီးတိန်မြို့တွင်းလမ်းများ လမ်းသားချဲ့ခြင်း ဆောင်ရွက်နေမှုကို ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုး၊ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဌေးတို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(က–ပ)**

မင်္ဂလာဦး ဆုတောင်း

ဗိုလ်ကြီးဇော်ဦး နှင့် **ပွင့်နွယ်** တို့၏ ၁၅–၂–၂၀၀၄ရက် မင်္ဂလာဦးရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ဘဝခရီးတစ်လျှောက် ပျော်ရွှင်ချမ်းမြေ့ပြီးပြည့်စုံသော မိသားစုဘဝလေးကို ရာသက်ပန်တည်ဆောက်နိုင်ပါစေ---။

ချစ်သူငယ်ချင်းများ–

မနွဲ့၊ ရွှေ၊ ဂီ၊ လင်း၊ ဆွေ၊ နေဇာ၊ အာကာ၊ ရဲ။

၁/၂၀၀၄ သရုပ်ဆောင်သင်တန်း

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှာ ၁/၂၀၀၄ သရုပ်ဆောင်သင်တန်းဖွင့်လှစ်မည်ဖြစ်ပါသဖြင့် သင်တန်းဝင်ခွင့်ပုံစံများ ဝယ်ယူနိုင်ပြီဖြစ်ပါသည်။ (ရုပ်ရှင်သရုပ်ဆောင်သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို အပတ်စဉ် ရုပ်ရှင်သတင်းစဉ်တွင် ဖတ်ရှုနိုင်ပါသည်။)

အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး။



T.A.G Training Center

U.S မှ School age child-care management
ရရှိထားသူ ကိုယ်တိုင် ဦးစီးဖွင့်လှစ်သော

Summer School 2004

ကလေးများအတွက် ကွန်ပျူတာနှင့် အင်္ဂလိပ်စာသင်တန်းများ
March to May
(၆၅၃)၊ စံပယ်ရုံလမ်း၊ (မဥ္ဇူလမ်းမှဝင်ပါ)
ပါရမီရိပ်သာ၊ ဖုန်း–၆၆၁၈၂၅၊ ၆၆၄၇၇၆။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

စားသောက်ကုန်ပစ္စည်းများ အရောင်းမြှင့်တင်ရေးအတွက် အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိပါသည်။

၁။ အရောင်းမြှင့်တင်ရေးဝန်ထမ်း: (ကျား) ၂၀ ဦး
၂။ အရောင်းမြှင့်တင်ရေးဝန်ထမ်း: (မ) ၃၀ ဦး

အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။
ညအိပ်ညနေ နယ်ခရီးထွက်နိုင်ရမည်။

လျှောက်ထားလိုသူသည် တစ်ပတ်အတွင်းရိုက်ထားသော ဓာတ်ပုံ(၁)ပုံ၊ ကိုယ်ရေးရာဇဝင်၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံစာမိတ္တူတို့နှင့်အတူ ၂၁–၂–၂၀၀၄နေ့ နောက်ဆုံးထားပြီး လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ (မူရင်းပါတစ်ပါတည်းယူဆောင်လာရန်)

Youth Force Marketing Co.,Ltd.
N0-134, Sule Pagoda Road,
Kyauktada Township, Yangon.

ဆက်သွယ်ရေးတပ်ဖွဲ့စစ်သည်များ အလိုရှိသည်

၁။ အောက်ပါပညာရပ်များတတ်ကျွမ်းလိုလျှင်ဆက်သွယ်ရေးတပ်ဖွဲ့သို့ဝင်ပါ–

သင်ကြားပေးမည့်ပညာရပ်များ	**လိုအပ်သည့်ပညာအရည်အချင်း**
(က) အီလက်ထရွန်နစ်ပညာ	အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများ
(ခ) ကွန်ပျူတာအော်ပရေတာပညာ	
(ဂ) ရုံးစာရေးပညာ	
(ဃ) ဒေတာအော်ပရေတာပညာ	အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူများ
(င) ရေဒီယိုအော်ပရေတာပညာ	
(စ) ရေဒီယိုပြင်ပညာ	
(ဆ) လိုင်းပြင်ပညာ	
(ဇ) ဖစ်တာ(ဆက်သွယ်ရေး)ပညာ	
(ဈ) လိုင်းမင်း(ဆက်သွယ်ရေး)ပညာ	
(ည) မော်တော်ဆိုင်ကယ်စီးပညာ	
(ဋ) မော်တော်ယာဉ်မောင်းပညာ	
(ဌ) ယာဉ်မောင်းစက်ပြင်ပညာ	

၂။ ရွေးချယ်ခြင်းခံရပါက–

(က) အပိုဒ်(၁)၊ (က)၊ (ခ)၊ (ဂ) ပညာသည်များသည် သက်ဆိုင်ရာသင်တန်းအောင်မြင်ပြီးပါက တပ်ကြပ်ကြီးအဆင့် တိုက်ရိုက်ခန့်အပ်မည်။ တပ်ကြပ်ကြီး လုပ်သက်(၃)နှစ်ပြည့်ပြီး အရည်အချင်းစစ် စာမေးပွဲအောင်မြင်ပါက ဒုအရာခံဗိုလ်ခန့်အပ်ခြင်း ခံရမည်ဖြစ်ပြီး၊ ဒုအရာခံဗိုလ် (၃)နှစ်ပြည့်ပြီး အရည်အချင်းစစ် စာမေးပွဲအောင်မြင်ပါက အရာခံဗိုလ်အဆင့် တိုးမြှင့်ခန့်အပ်ခြင်းခံရမည်။

(ခ) ပညာသည်များအနက်မှ အခြေခံပညာအထက်တန်းအောင်မြင်သူများသည် သက်ဆိုင်ရာ သင်တန်းအောင်မြင်ပြီးပါက ဒုတိယတပ်ကြပ်အဆင့်မှစတင် ခန့်ထားပြီး အရည်အချင်းစစ်စာမေးပွဲများ အောင်မြင်ပါက အရာခံဗိုလ်အဆင့်ထိ ခန့်အပ်ခြင်းခံရမည်။

(ဂ) သတ်မှတ်ချက်နှင့်ညီညွတ်ပါက ဗိုလ်လောင်းသင်တန်း ခေါ်ယူသည့်အခါ ဗိုလ်လောင်းသင်တန်းကို လျှောက်ထားခွင့်ပြုမည်။

၃။ ပညာရပ်ဆိုင်ရာသင်တန်းများတက်ရောက်အောင်မြင်ပြီးပါက မိမိနေထိုင်လိုသော မြို့/ ရွာနှင့်နီးသည့် ဆက်သွယ်ရေးတပ်ရင်း/တပ်/တပ်ခွဲများတွင် တာဝန်ချထားပေးမည်။

၄။ တပ်မတော်(ကြည်း)ဆက်သွယ်ရေးတပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းလိုသူများသည် နီးစပ်ရာ ဆက်သွယ်ရေးတပ်များတွင် စာရင်းပေးသွင်းနိုင်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ၊ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့်ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ကျောက်ခွဲစက်အရန်ပစ္စည်းများ	၁၁၀ခု
၂။	ဓာတ်ခွဲခန်းသုံးပစ္စည်းများ	၄မျိုး
၃။	ပေါင်းစည်းပြေစာစာရွက်များ	ရွက်ရေ(၂၀)သိန်း

ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၁၀–၃–၂၀၀၄ရက်နေ့ ၁၆:၀၀နာရီအချိန် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစု ဖုန်းအမှတ်–၂၈၂၅၃၄၊ ၂၄၈၁၁၂၊ လိုင်းခွဲ (၂၃၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူ ရောင်းချရေးအဖွဲ့။



ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် – ၉/၂၀၀၄
(၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ ၃ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ သမဝါယမဝန်ကြီးဌာန၊ ယွန်းပညာကောလိပ်(ပုဂံ)တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

စဉ်	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	လက်ထောက်မော်ကွန်းထိန်း	–တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ	၁ နေရာ
(ခ)	စာကြည့်တိုက်မှူး	–တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး စာကြည့်တိုက်ပညာဒီပလိုမာရရှိသူ	၁ နေရာ
(ဂ)	ဌာနခွဲမှူး	–မဟာသိပ္ပံဘွဲ့(ဓာတုဗေဒ) **သို့မဟုတ်** (ကုန်ထုတ်ဓာတုဗေဒ)	၁ နေရာ
(ဃ)	လက်ထောက်ကထိက (ပန်းချီ/ပန်းပု)	–ဝိဇ္ဇာဘွဲ့(ပန်းချီ/ပန်းပု) ရရှိပြီး မဟာဝိဇ္ဇာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန်အဆင့်မီသူ	၁ နေရာ
(င)	လက်ထောက်ကထိက (ဓာတု/ကုန်ထုတ်)	–မဟာသိပ္ပံဘွဲ့(ဓာတုဗေဒ) **သို့မဟုတ်** (ကုန်ထုတ်ဓာတုဗေဒ)	၁ နေရာ
(စ)	လက်ထောက်ကထိက (မြန်မာစာ)	–မဟာဝိဇ္ဇာဘွဲ့ (မြန်မာစာ)	၁ နေရာ
(ဆ)	လက်ထောက်ကထိက (အင်္ဂလိပ်စာ)	–မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ)	၁ နေရာ
(ဇ)	လက်ထောက်ကထိက (သမိုင်း)	–မဟာဝိဇ္ဇာဘွဲ့ (သမိုင်း)	၁ နေရာ
(ဈ)	လက်ထောက်ကထိက (သင်္ချာ)	–မဟာသိပ္ပံဘွဲ့ (သင်္ချာ)	၁ နေရာ
(ည)	လက်ထောက်ကထိက (ပထဝီ)	–မဟာဝိဇ္ဇာဘွဲ့ (ပထဝီ)	၁ နေရာ
(ဋ)	လက်ထောက်ကထိက (ဘောဂဗေဒ)	–မဟာစီးပွားရေး ပညာဘွဲ့ (ဘောဂဗေဒ)	၁ နေရာ
(ဌ)	လက်ထောက်ကထိက (စာရင်းအင်းပညာ)	–မဟာစီးပွားရေး ပညာဘွဲ့ (စာရင်းအင်း)	၁ နေရာ
(ဍ)	လက်ထောက်ကထိက (စာရင်းကိုင်ပညာ)	–မဟာဝါဏိဇ္ဇဘွဲ့	၁ နေရာ
(ဎ)	လက်ထောက်ကထိက (စီးပွားစီမံခန့်ခွဲမှု)	–စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့	၁ နေရာ
(ဏ)	လက်ထောက်ကထိက (ကွန်ပျူတာ)	–မဟာကွန်ပျူတာသိပ္ပံဘွဲ့ **သို့မဟုတ်** မဟာကွန်ပျူတာ နည်းပညာဘွဲ့	၁ နေရာ

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၉–၃–၂၀၀၄နေ့တွင် အသက် (၃၅)နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၉–၃–၂၀၀၄နေ့ အရောက် ပေးပို့ရမည်။

၄။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅၀/–ကို သီးခြားပေးသွင်းပြီး ရာထူးအလိုက် လျှောက်လွှာသီးခြားတစ်စောင်စီ တင်သွင်းရမည်။

၅။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/– ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ်–၁/၉၁ ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၆။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသောစာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၇။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၉–၃–၂၀၀၄နေ့အရောက် ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၈။ ၂၀–၃–၂၀၀၄နေ့နှင့် ၂၁–၃–၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေ စာမေးပွဲကျင်းပမည်။ ၁၈–၃–၂၀၀၄နေ့မှစ၍ မန္တလေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၉။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း၊ မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီး ဌာနရုံးများတွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် (၃၇၈၁၆၃)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

စက်ဘီးပစ္စည်းဆိုင်တွင်လုပ်ရန် အထွေထွေဝန်ထမ်း ကျား (၂) ဦး

– ဆယ်တန်းအောင်
– အသက် (၂၀)နှစ်အောက်
– မှတ်ပုံတင် မူရင်းပါရမည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

ဆက်သွယ်ရန်–

ဦးကျော်တင့်နှင့် သားများစက်ဘီးဆိုင်
(အဆောင်–ဃ)၊ အခန်း(၈–၉)ဆိုင်ကြီးတန်း၊
ဆင်မလိုက်အဝေးပြေးဝင်း၊ ကမာရွတ်။



ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် – ၈/၂၀၀၄
(၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ ၃ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

စဉ်	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	ဌာနခွဲမှူး (စီမံခန့်ခွဲရေး)	တက္ကသိုလ်တစ်ခုခုမှဘွဲ့	၁၅ နေရာ
(ခ)	ဌာနခွဲမှူး (ဘဏ္ဍာရေး)	ဝါဏိဇ္ဇဘွဲ့ရရှိသူ (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး၊ စာရင်းကိုင်ဒီပလိုမာလက်မှတ်ရရှိသူဖြစ်ပါက အစိုးရဌာနတစ်ခုခု၌လစာနှုန်း (၅၄၀၀ိ–၁၀၀ိ–၅၉၀၀ိ)အဆင့် ဘဏ္ဍာရေးဆိုင်ရာ ရာထူးတစ်ခုခုတွင် အနည်းဆုံးလုပ်သက်(၅)နှစ်ရှိသူ၊ လက်ရှိတာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းဖြစ်ရမည်။	၂၀ နေရာ
(ဂ)	ဌာနခွဲမှူး (ပစ္စည်းစီမံရေး)	တက္ကသိုလ်တစ်ခုခုမှဘွဲ့	၈ နေရာ

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၉-၃-၂၀၀၄နေ့တွင် အသက် ၃၅နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) လစာနှုန်း (၅၄၀၀ိ–၁၀၀ိ–၅၉၀၀ိ)အဆင့် ဘဏ္ဍာရေးဆိုင်ရာ ရာထူးတစ်ခုခုတွင် အနည်းဆုံးလုပ်သက်(၅)နှစ်ရှိရန်လိုအပ်သော လျှောက်ထားသူများသည် သက်ဆိုင်ရာဌာနအကြီးအကဲ၏ ထောက်ခံချက်ကို လျှောက်လွှာတွင် ပူးတွဲတင်ပြရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၉-၃-၂၀၀၄နေ့ အရောက် ပေးပို့ရမည်။

၄။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅ဝိ/– ကို သီးခြားပေးသွင်းပြီး၊ ရာထူးအလိုက် လျှောက်လွှာသီးခြားတစ်စောင်စီတင်သွင်းရမည်။

၅။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅ဝိ/– ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ်–၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ သတ်မှတ်ချက်များနှင့်**အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၆။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနသို့ လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၇။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၉-၃-၂၀၀၄နေ့အရောက် ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၈။ ၂၄-၄-၂၀၀၄နေ့နှင့် ၂၅-၄-၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၂၂-၄-၂၀၀၄နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၉။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း၊ မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်–၃၇၈၁၆၃သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။



အမည်ပြောင်းခြင်း

ဦးလှမြင့်– ဒေါ်သန်းသန်းလှတို့၏ သမီး မစုစုမြတ် [၁၂/ပဇတ(နိုင်) ၀၀၂၇၀၀]အား မဆုလတ်ထက်ဟုလည်းကောင်း၊ မအိသက်ခိုင်(NBN–၂၃၆၉၄၉] အား မအိမြတ်သိင်္ဂီဟုလည်းကောင်း၊ မသင်းထိုက်အေး [၁၂/ပဇတ(နိုင်) ၀၀၀၁၆၅]အား မသဥ္ဇာထွန်းဟုလည်းကောင်း ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။

ဆု၊ အိ၊ သဥ္ဇာ။



ခုနစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ကျောင်း၊ ရဟန်း

ဒါယကာကြီး

ဆရာကြီးဦးဇေယျာ

(ခ) ဦးညွန့်

တိုင်းရင်းမြန်မာသမားတော်ကြီး

(သိဒ္ဓိဆေးတိုက်)

အနန္တကျေးဇူးရှင် ဖေဖေ သမီးနှင့် ခွဲခွာခဲ့သည်မှာ ၁၈-၂-၂၀၀၄ဆိုရင် ခုနစ်နှစ်တင်းတင်း ပြည့်မည်ဖြစ်၍ ဖေဖေ့အတွက် နေ့စဉ်၊လစဉ်နှင့် ယနေ့ အထိပြုသော ကောင်းမှုကုသိုလ်တို့ကို ဖေဖေရောက်ရှိရာ ဘုံဘဝမှ သာဓု ခေါ်ဆိုနိုင်ပါစေ။

ဖေဖေချစ်သောသမီးကြီး

ဆရာမကြီးဒေါ်စောရီ။

City Golf Swimming Club

စနစ်တကျရေကူးတတ်လိုသူများအတွက်

မြို့တော်ဂေါက်ကွင်းရေကူးကန်

နွေရာသီအခြေခံရေကူးသင်တန်း

* **သင်တန်းစမည့်ရက်** – ၂၈-၂-၂၀၀၄
* **သင်တန်းကာလ** – ၃၀ရက်
* **သင်တန်းအချိန်** – (၁) နံနက်၇း၀၀နာရီ–၈း၃၀နာရီ
  (၂) နံနက်၈း၃၀နာရီ–၁၀း၀၀နာရီ
* သင်တန်းသာဦးရေကန့်သတ်ထားပါသည်။
* ဝါရင့်နည်းပြဆရာများဖြင့် စနစ်တကျသင်ကြားပေးမည်။
* သင်တန်းသားစာရင်းများကို ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
* ပြင်ပဧည့်သည်များလည်း လာရောက်ရေကူးနိုင်ပြီး အပန်းဖြေလိုသူများအတွက် စားသောက်ဖွယ်ရာများကို ဈေးနှုန်းချိုသာစွာဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြို့တော်ဂေါက်ကွင်းရေကူးကန်၊ သီရိမင်္ဂလာလမ်း၊ အင်းစိန်မြို့နယ်၊ Tel: 643508

တရားဝင်ဇနီးဖြစ်ကြောင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊လမ်း(၃၀)၊အလယ်လမ်း၊ အမှတ်(၁၂၈)(၃)ထပ်နေ ဟဝါဘီ(ခ) မသန်းသန်းထွေး [၁၂/ပဘတ(နိုင်) ၀၁၉၁၇၈] ကိုင်ဆောင်သူသည် ကျွန်တော်၏ တရားဝင်ဇနီး ဖြစ်ပြီး သားသမီး(၅)ဦးနှင့်အတူ အထက်ပါ လိပ်စာတွင် အတူတကွ ယနေ့တိုင် နေထိုင်ပေါင်းသင်းလျက်ရှိပါသည်။ နောက်နောင် မိသားစုပြိုကွဲစေရန် အားပေးအားမြှောက်ပြုသူ၊သွေးဆောင် ဖြားယောင်းလက်ခံသူများကို ဥပဒေ အရ အရေးယူမည်ဖြစ်ပါကြောင်း။

ခင်ပွန်းနှင့် သားသမီးများ

တင်မြင့်(ခ)ယာဆင်

[၁၂/ပဘတ(နိုင်)၀၁၉၁၇၇]။







ဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ နန်းရှေ့ရပ်၊ ဒေါနဘွားအုပ်စု(ရွှေလရောင်ရေခဲစက်) ပိုင်ရှင် ဦးစိန်ဝင်း၏ချစ်လှစွာသောဇနီး ဒေါ်အေးအေးသွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၇၉ခုနှစ်၊ သတ္တဗေဒမှ ချစ်သူငယ်ချင်းများ (ပဲခူး)။

Peace Myanmar Electric Co., Ltd.

ဝန်ထမ်းအလိုရှိသည်။
(မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ခန့်ထားရန်)

၁။ Operating Manager (ဘွဲ့ရ) (ကျား) ၁ဦး
အသက် (၃၀ - ၄၀)နှစ်
စီမံခန့်ခွဲမှု အတွေ့အကြုံ (၃)နှစ် ရှိရမည်။
လုပ်ငန်းအတွက် အချိန်ပေးနိုင်သော ပုဂ္ဂိုလ် ဖြစ်ရမည်။

၂။ Admin Executive (ဘွဲ့ရ) (ကျား) ၁ဦး
အသက် (၂၅ - ၃၅)နှစ်
ဝန်ထမ်းရေးရာနှင့် ရုံးလုပ်ငန်းတွင် ကျွမ်းကျင်ရမည်။ Computer ကောင်းစွာကိုင် ကျွမ်းကျင်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်း၊ လိုင်စင်ဓာတ်ပုံတစ်ပုံ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာ မှတ်ပုံတင် မိတ္တူ၊ ပညာအရည်အချင်း အထောက်အထားများနှင့်အတူ Peace Myanmar Electric Co., Ltd. Service Centre ကမ်းနားလမ်း (သခင်မြပန်းခြံအနောက်) အလုံမြို့နယ်၊ ရန်ကုန်မြို့သို့ ကြော်ငြာပါသည့် နေ့မှ တစ်ပတ်အတွင်း လာရောက် လျှောက်ထားနိုင်ပါသည်။

ရွှေစည်ပင်စတိုး (ဘုရားစွန်းလှ)

[illegible]

အထက်ဆုံး (ဒေါ်ကြာ)ဆေးရုံကြီး ရှေ့တည့်တည့်

[illegible]

NPE

[illegible]

- [illegible]

ကချင်ပြည်နယ်မှ သိန်းနန္ဒာ ဆရာဦးထိန်လင်း၊ ဆရာမဒေါ်သန်းသန်း

[illegible]

ဝမ်းနည်းကြေကွဲခြင်း

ဦးလှသိန်း (၆၉)နှစ်

ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)(ငြိမ်း)

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး၊ အငြိမ်းစား) ဦးလှသိန်း အသက်(၆၉)နှစ်သည် ၁၂-၂-၂၀၀၄ရက်တွင် ကွယ်လွန် ကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)နှင့်ဘဏ္ဍာရေးဌာနဝန်ထမ်းများ
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း။

လိပ်ခေါင်း၊ ဂရင်ဂျိုနာ၊ စအိုနာ၊ အကျိတ်ဖြစ်သူများ

(ဤကြော်ငြာကို ဖတ်ဖြစ်အောင်ဖတ်ပါ) ဖုန်း - ၂၄၁၀၀၆

သမားတော်ကြီး ဝိဇ္ဇာ၊ လိပ်ခေါင်း၊ ဂရင်ဂျိုနာ အထူးကု

[illegible]

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေးအခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂။





အမှတ်(၁)စက်မှုဝန်ကြီးဌာန

မြန်မာ့အထွေထွေစက်မှုပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း
မှ

ဓမောင်မြန်မာအပ်ချုပ်စက်များကို မြန်မာပြည်အနှံ့ ဖြန့်ဖြူးရောင်းချပေးနေပါပြီ

(၁) မြန်မာပြည်တွင် နှစ်ပေါင်းများစွာကျော်ကြားသည့် Singer အပ်ချုပ်စက်နည်းပညာနှင့် ဒီဇိုင်းအတိုင်း အရည်အသွေးမီ ထုတ်လုပ်ထားပါသည်။
(၂) မော်တာဖြင့် တွဲဖက်အသုံးပြုနိုင်၍ ပေါ့ပါးသွက်လက်စွာ ချုပ်နိုင်ပါသည်။
(၃) မြန်မာဆန်သော ပန်းဒီဇိုင်းများဖြင့် အလှဆင်ထားပါသည်။
(၄) ဈေးနှုန်းချိုသာပြီး လူတန်းစားမရွေး အသုံးပြုနိုင်ပါသည်။

အသေးစိတ်ဆက်သွယ်စုံစမ်းဝယ်ယူနိုင်သောနေရာများ

- ဝင်းသူဇာအရောင်းဆိုင်များ
- ရုံးချုပ် ဖုန်း - ၀၁-၅၆၀၀၈၇၊ ၀၁-၅၆၆၀၅၉၊ ၀၁-၂၉၀၀၂၀
- အပ်ချုပ်စက် စက်ရုံ (ကျောက်ဆည်) ဖုန်း - ၀၆၆-၅၀၅၃၇

ကျေးဇူးဆပ်ပါမည်

ကျွန်မ ကျင်းလျှံဝှန်၏ မှတ်ပုံတင် [၅/ကလထ(နိုင်)၁၀၉၂၁၂]နှင့် နိုင်ငံကူး လက်မှတ်အမှတ်-၄၂၂၀၂၆တို့သည် ၂၈-၁-၂၀၀၄နေ့က ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါ။

ဖုန်း - ၂၉၄၆၃၃။

ဦးကျော်မင်း

အသက်(၅၈)နှစ်

အမှတ်(၁)ဓာတ်ငွေ့စက်ရုံ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၄၀၂)၊ တိုက်(၂)၊ ညောင်တန်း အိမ်ရာနေ (ဦးဘဆိုင်)-ဒေါ်အုံးမြတို့၏ သား၊ ဒေါ်နယ်လီ(C.S.O)၏ ခင်ပွန်း၊ ဦးချစ်လှိုင်-ဒေါ်ခင်မာမြင့်၊ ဦးငွေဝင်း-ဒေါ်ခင်မာငွေ၊မသီတာအေးတို့၏အစ်ကို၊ မောင်နေမျိုးကျော်၊ မစုစုကျော် (Y.C.D.C)တို့၏ ဖခင်သည် ၁၃-၂-၂၀၀၄ ရက် နံနက် ၂နာရီတွင် ကွယ်လွန်ပါ၍ ယင်းနေ့ မွန်းလွဲ၁နာရီတွင် ရေဝေး သုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီး ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါ သည်။ **ကျန်ရစ်သူမိသားစု။**

ဦးအောင်နိုင်မိုး

(ခ) ဖိုးချို

အသက်(၃၅)နှစ်

TTC ကျောင်းသားဟောင်း

ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်(၄၈/B)နေ (ဦးမျိုးဟန်လတ်)-ဒေါ်ခင်မကြီး တို့၏ သား၊ ဦးလှမျိုးထွန်း(လူဝင်မှု/နိုင်ငံသားပြု)-ဒေါ်အေးမဠူ၊ (ဦးတင်နိုင်မိုး)-ဒေါ်ခင်ဖုန်းမြင့်အောင်တို့၏ ညီ/မောင်၊ ဦးထွန်းနိုင်မိုး၏ အစ်ကို၊ ဦးဝင်းမောင်-ဒေါ်ခင်မမတို့၏ သားသမက်၊ ဒေါ်ပြုံးပြုံး၏ ချစ်လှစွာသောခင်ပွန်း၊ ဂိုဂိုး၏ ချစ်လှစွာသောဖခင်၊ မောင်ရဲမျိုးအိမ်၊ မခင်စန္ဒီစိုးတို့၏ ဦးလေးသည် ၁၃-၂-၂၀၀၄ရက် နံနက် ၂:၀၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပိုကွက်(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပေါင်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	ရန်ကုန်
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	ရန်ကုန်
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	ရန်ကုန်
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	၁၂၂ A	[illegible]	ရန်ကုန်
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	ရန်ကုန်
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	ရန်ကုန်
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible] A	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible] D	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible] E	[illegible] A	M.M. Maricar	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	၁၁-L	[illegible]	[illegible]	[illegible]
၂၁	[illegible]	[illegible]	[illegible]	[illegible]	၁၁-B	[illegible]	[illegible]	[illegible]

[illegible]

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ကန်ဒါယကာကြီး

ဦးကျော်ဝင်း(၇၉)နှစ်

(ကုန်သည်)

(မြေပုံမြို့)

ရန်ကုန်မြို့၊ပန်းဘဲတန်းမြို့နယ်၊အမှတ်(၆)ရပ်ကွက်၊(၂၉)လမ်း၊အမှတ်(၅၆/၅၈)နေ ဒေါ်မဦးညို၏ ခင်ပွန်း၊ (ဒေါ်ဦးယာဉ်သာ)–ဦးကျော်ဖြူ၊ ဒေါ်ငွေခိုင်၊ ဒေါ်ရွှေနုခိုင်–ဦးကျော်ဇောအောင်၊ဒေါ်သိန်းနုခိုင်၊ ဦးသိန်းကျော်–ဒေါ်မေသန်းကြည်၊ ဦးသိန်းရွှေ–ဒေါ်ခင်နှင်းဝေ၊ကိုသန်းအောင်–မနီနီထွန်း၊ မထွေးထွေးခိုင်–ဗိုလ်ကြီးဇော်ဝင်းတို့၏ဖခင်၊ မြေး၁၅ယောက်တို့၏အဘိုးရှင်သည် ၁၄–၂–၂၀၀၄ (စနေနေ့) ညနေ ၅:၅၀နာရီတွင်နေအိမ်၌ကွယ်လွန်ပါ၍ ၁၇–၂–၂၀၀၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ် ၅၆/၅၈နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀:၃၀နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်ကလျာခင်ဝင်း(ခ) LUCKY

အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရွှေဟောင်းသုတေသနလမ်း၊ အမှတ်(၃၂–အို)နေ (ဦးခင်ဝင်း–ဒေါ်ခင်လှ)တို့၏သမီး၊ (ဦးသာဇံအောင်)–ဒေါ်တင်တင်မြိုင်တို့၏ သမီးချွေးမ၊ ကပ္ပတိန်ဦးပွင့်သစ်၏ ချစ်လှစွာသောဇနီး၊ (ဦးခင်မောင်ဆွေ–ဒေါ်တင်တင်)၊ ဦးမျိုးမြင့်သွင်–ဒေါ်သိန်းသိန်း၊ ဦးခင်မောင်အေး–ဒေါ်ခင်အေးမြင့်တို့၏ညီမ၊ ဗိုလ်မှူးမင်းစံကြည်–ဒေါ်အေးမြသန္တာ၊ မစံပယ်ဖြူ၊ မောင်ဇေယျာထွန်းတို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မောင်အောင်ခန့်မင်း၏အဘွားသည် ၁၄–၂–၂၀၀၄(စနေနေ့) နံနက်၀၀:၃၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၂–၂၀၀၄(တနင်္လာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

မောင်ချမ်းငြိမ်းဇော်

(၁၆–၂–၂၀၀၃)(မလှိုင်)

ချစ်လှစွာသော သားလိမ္မာလေး ဖေဖေ–မေမေတို့ မိသားစုကို ရုတ်တရက်ခွဲခွာသွားတာ၁၆–၂–၂၀၀၄ရက်မှာတစ်နှစ်ပြည့်သော်လည်း တစ်နေ့မှမမေ့မရပါဘူး။ နေ့စဉ်၊ လစဉ်နဲ့ တစ်နှစ်ပြည့်မှာ ပြုသမျှကုသိုလ်ကောင်းမှု အစုစုကို အမျှပေးဝေပါတယ်။ သားလေးရောက်ရာဘုံဘဝမှသာဓုခေါ်ဆိုနိုင်ပါစေ။

ဖေဖေ–ဦးဇော်ဝင်း–မေမေ–ဒေါ်ဝင်းကြည်
မမကြီး–မခင်ရတနာလပြည့်ဝင်း
အစ်ကိုနဲ့မမငယ်–ကိုညွန့်ဝေ–မနှင်းလဲ့ရည်အေး
တူလေး–ဝမ်းဝမ်း။

ဦးတင်ဖေ (၇၇)နှစ်

(မန္တလေး)

မန္တလေးမြို့နေ(ဦးဘသိန်း–ဒေါ်ငယ်)တို့၏ သား၊ ရန်ကုန်မြို့နေ (ဒုတိယဗိုလ်မှူးကြီးအေးကို–ဒေါ်သန်း ညွန့်)တို့၏ အစ်ကို၊မန္တလေးမြို့၊ရတနာဘုမ္မိအနောက်အကျော်စုရပ်နေ ဒေါ်ကြည်နု၏ ခင်ပွန်း၊ မလှိုင်လှိုင်ဦး၊ ကိုညီညီ–မနီလာ၊ ကိုဇော်ဇော်–မအေးအေးသင်း၊ မစုစုကြည်၊ ကိုငြိမ်းချမ်း–မခင်မိုးမိုးကြိုင်၊ ကိုဝင်းမော်–မငြိမ်းသူတို့၏ မွေးသဖခင်၊ မထားအိခင်၊ မောင်ကောင်းထက်စံ၊ မောင်ကောင်းကျော်စံ၊ မောင်အာကာမင်းသန့်တို့၏ အဘိုးသည် ၁၃–၂–၂၀၀၄ရက် ညနေ ၆နာရီတွင် ရွှေဗဟိုအထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ မန္တလေးဆေးတက္ကသိုလ် ခန္ဓာဗေဒဌာနသို့ လှူဒါန်းပြီးဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေး၊ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဦးတင်ရွှေ(ခ)မာမက်ရှရစ်

အသက်(၆၇)နှစ်

(တာမွေဈေးကုန်စုံဆိုင်)

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ရွှေမေတ္တာလမ်း၊ တိုက်အမှတ်(၃၁–၃၂)၊ အခန်း(၀၀၂)နေ (ဦးလုံးပု–ဒေါ်တင်၊ သနပ်ပင်မြို့၊ ပဲခူးတိုင်း)တို့၏ သား၊ ဒေါ်အုန်းမြင့်(ခ)အရှမ်းမ၏ ခင်ပွန်း၊ မကြည်ကြည်မာ၊ မောင်နေလင်း၊ မတင်လှလှလင်း၊ (မောင်ဇော်လင်း)၊ မပွင့်မာ၊ မအိအိမာ၊ မောင်သက်ပိုင်လင်း၊ မဂျန်နဝါရီလင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၁၄–၂–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၁၅–၂–၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ကြည်(၅၇)နှစ်

ကုန်သွယ်ရေး(ငြိမ်း)

(ကလေးမြို့)

ကလေးမြို့၊ ပြင်သာရွာနေ (ဦးသန့်တင်–ဒေါ်စိန်)တို့၏ သား၊ ဂန့်ဂေါမြို့၊ စည်ပင်သာယာရပ်ကွက်နေ (ဦးကျော်မြိုင်)–ဒေါ်တင်လှတို့၏ သားသမက်၊ အောင်မင်္ဂလာရပ်၊ ဘုရားကြီးလမ်း၊ ကလေးမြို့နေ ဒေါ်ခင်နွဲ့ကြည်(သမ–ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မသန်းသန်းငွေ(B.Sc. Bot)၊ မောင်ဝေဟောင်ထက်(B.E.Civil)၊ မောင်လှိုင်မင်းထက်(ပနှစ်၊ နည်းပညာကောလိပ်၊ ကလေးမြို့၊ မသိမ့်မြတ်ထွေး (ပနှစ်၊ ထုတ်ကုန်ဓာတု၊ ဒဂုံတက္ကသိုလ်)တို့၏ ဖခင်သည် ၁၄–၂–၂၀၀၄(စနေနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆–၂–၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှ ပြင်သာသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးစိုးမောင်(၈၄)နှစ်

အငြိမ်းစားငွေစာရင်းအရာရှိ

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း

အမှတ်(၄)၊ ဥဿဖရားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဒေါ်တင်ရွှေ)၏ခင်ပွန်း၊ ကိုဝေဇင်ဦး–မတင်တင်စိုး၊ စောဘီလီမင်း–(မမြင့်မြင့်စိုး)၊မနွဲ့နွဲ့စိုး၊ မတင်တင်စိုးတို့၏ ဖခင်သည် ၁၄–၂–၂၀၀၄(စနေနေ့)ည ၇:၅၅နာရီတွင်ကွယ်လွန်သွားပါ၍ ၁၆–၂–၂၀၀၄ မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန် ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းကြည် (၇၆)နှစ်

(တွံတေး၀)

ရန်ကုန်မြို့၊ အမှတ်(၁၇)၊ဆေးရိုးတန်းလမ်း၊ဆေး/ငြိမ်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ(ဦးဖိုးကျား–ဒေါ်သိန်းလှ)တို့၏ သမီး၊ (ဦးမောင်လှ–ဒေါ်ရွှေမြ)တို့၏ ချွေးမ၊ (ဦးကြီးမောင်)၏ ဇနီး၊ (ဦးစံမြင့်–ဒေါ်နှင်းရီ)၊ ဦးအောင်မျှင်–(ဒေါ်ခင်ရွှေ)၊ ဦးချစ်စိန်–(ဒေါ်သိန်းကြည်)တို့၏ ညီမ၊ (ဦးလှရီ)–ဒေါ်တင်ကြည်၊ ဦးမောင်မြို့–ဒေါ်တင်တင်တို့၏ အစ်မ၊ ဦးသိန်းမြင့်–ဒေါ်ချိုချို၊ ဦးအောင်မြင့်သိန်း–ဒေါ်ခင်ခင်စီ၊ (ဦးသောင်းမြင့်)–ဒေါ်မာမာဆွေ၊ ဒေါ်ခင်မိမိ၊ ဦးမင်းစိန်–ဒေါ်စုစုရီ၊ ဦးဝင်းနိုင်–ဒေါ်စန္ဒာဝင်း၊ ဒေါ်သန္တာထွေးတို့၏ မွေးသမိခင်၊ မြေး၁၅ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည်၁၅–၂–၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၁နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၇–၂–၂၀၀၄(အင်္ဂါနေ့) ညနေ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်ကြည်ဝင်း(၆၄)နှစ်

(ဟင်္သာတ)

ဟင်္သာတမြို့၊ ဥယျာဉ်မြောက်ရပ်ကွက်၊ နတ်မော်လမ်း၊အမှတ်(၂၂၉)နေ (ဦးပါ)–ဒေါ်တင်အေးတို့၏ သမီးကြီး၊ ဦးတင်လင်း–ဒေါ်သန်းမြင့်၊ ဦးအေးပို–ဒေါ်ခင်မေကြည်၊ (ဦးသန်းငွေ)–ဒေါ်ခင်မေသန်းတို့၏ အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊(၃၉–ဘီ)ရပ်ကွက်၊ အမှတ်(၆၁၃)၊ သမာဓိ(၄)လမ်းနေ ဦးအောင်ငွေး၏ ဇနီး၊ မခင်သန်းဦး၊ မခင်ပိုပို၊ ကိုသင်းခိုင်–မတင်ဝင်းကြည်၊ (မိမိခိုင်)၊မဝေမာငွေး–ကိုသိန်းဦး၊ မဇင်မာငွေး၊ မောင်စည်သူငွေးတို့၏ မိခင်၊ မခိုင်ချစ်ဖူး၊ မခိုင်ဆုပန်ထွင့်၊ မောင်ထက်အောင်လှိုင်တို့၏ အဘွားသည် ၁၄–၂–၂၀၀၄(စနေနေ့) နံနက်၈:၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၆–၂–၂၀၀၄(တနင်္လာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယကာကြီး

ဦးဖေသန်း(၈၈)နှစ်

(တံတားမြို့)

ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့အလယ်ပိုင်းနေ (ဦးဘထွန်း–ဒေါ်အုံ၊ ဒေါ်ကျော့ရင်)တို့၏ သား၊ (ဒေါ်ခင်ညွန့်)၏ ခင်ပွန်း၊ ဒေါ်ခင်စန်းရီ၊ ဦးတင်လှိုင် (ညောင်ပင်လေးပလာဇာ)–ဒေါ်ခင်စန်းကြည်၊ ဦးငွေးမြင့်–ဒေါ်ခင်သိန်းမော်(အလက–၂၊ သဃ်န်းကျွန်း)၊ ဒေါ်နုနုယဉ်(အမက၊တံတားမြို့)တို့၏ဖခင်၊ မောင်အောင်မျိုးထွန်း B.E (Mechanical)–မနှင်းနွယ်ဝင်း B.Sc (Physics)၊ မယဉ်စုခိုင် (Final Part II)၊မောင်စည်သူကျော် B.E (Mechanical)၊မောင်ထွန်းထွန်းလင်း (Final Yr, (D.S.A)၊ မမြတ်သီရိရွှေ(IV)တို့၏ အဘိုးသည် ၁၄–၂–၂၀၀၄(စနေနေ့) နံနက် ၁နာရီတွင် ကွယ်လွန်ပါ၍ ၁၆–၂–၂၀၀၄ (တနင်္လာနေ့)မွန်းလွဲ၁နာရီတွင် အထက်ပါ နေအိမ်မှ တံတားမြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးကိုကိုကြီး(၈၅)နှစ်

အထွေထွေမန်နေဂျာ(ငြိမ်း)

(စား/ထွေ)ကုန်သွယ်ရေး

ကုန်သွယ်ရေးသင်တန်းကျောင်း၊

ကျောင်းအုပ်ကြီး(ငြိမ်း)

(နတ်တလင်း)

နတ်တလင်းမြို့နေ (ဦးသိန်းမောင်–ဒေါ်သဲညွန့်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ အမှတ်(၉၈)၁၂၃လမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်နှင်းနှင်း၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးကိုကိုလေး–ဒေါ်စောသန်း)၊ (ဦးညွန့်ဝေ–ဒေါ်ကြည်ကြည်)၊ ဦးဘညွန့် (သံအမတ်ကြီး၊ ငြိမ်း) – ဒေါ်ခင်အေးအေး၊ ဒေါ်အေးသန်း၊ (ဒေါ်စန်းစန်းမြင့်)၊ ဦးမောင်မောင်လှ – ဒေါ်မြမြတင်တို့၏ အစ်ကိုကြီး၊ (ဦးတင်မောင်ဦး၊ Harry)–ဒေါ်မြသီတာ၊(ဦးသိန်းလှိုင်ဖြူ)–ဒေါ်သီသီ (Stella)၊ ဦးထိန်လင်းအောင် (နိုင်ငံခြားရေးရုံး)–ဒေါ်ရင်ရင် (Clara)တို့၏ ဖခင်၊ ကိုကျော်ဇေယျ၊ ကိုသူရိန်ဦး–မစန္ဒာလွင်၊မယုဇန–ကိုတိုးတိုးဦး၊ကိုထွန်းထွန်းခိုင်၊မမိုးစန္ဒီ (Gustin Moulinel)–ကိုကျော်စိန်ထွန်း၊ ကိုမျိုးဝင်းအောင်၊ မစုစုအောင်၊ မောင်ရာဇာဦးတို့၏ အဘိုး၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီး ဦးကိုကိုကြီးသည် ၁၄–၂–၂၀၀၄(စနေနေ့) နံနက် ၉နာရီတွင်ကွယ်လွန်ပါ၍ ၁၆–၂–၂၀၀၄ (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများမွန်းလွဲ၂:၄၅ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်မင်း(၈၁)နှစ်

နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)

မော်ကွန်းဝင်(ဒုတိယဆင့်)

မန္တလေးတိုင်း၊ စဉ့်ကိုင်မြို့နယ်၊ ညောင်ပင်ကြီး ကျေးရွာနေ မင်းတိုင်ပင်အမတ်(ဦးပို–ဒေါ်ကျော့)တို့၏ သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသသဝတီ(၁၆)လမ်း၊ အမှတ်(၁၀၆၇)နေ ဒေါ်ကြည်လှိုင်၏ ခင်ပွန်း၊ ဒေါ်နီနီဦး၊ဒေါ်နီနီထူး၊ ဦးတင်ရိန်–ဒေါ်နီနီဝင်း၊ ဦးစိုးမင်း၊ ဦးအောင်သက်တင်–ဒေါ်နီနီမင်း၊ ဦးတင်ညွန့်–ဒေါ်ချိုချိုမင်း၊ ဦးအောင်ကျော်မင်း (မြို့တော်စည်ပင်၊ယာ/အုံ)–ဒေါ်မိုးစန္ဒာတို့၏ ဖခင်၊ မြေး၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၄–၂–၂၀၀၄(စနေနေ့) ည၇:၃၀နာရီတွင် ကွယ်လွန်ပါ၍ ၁၆–၂–၂၀၀၄ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် စံပြဆေးရုံအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ အုတ်တံတိုင်း၊ရဟန်းဒါယကာကြီး

ဦးချစ်ရွှေ(၅၉)နှစ်

ရှမ်းပြည်မြောက်ပိုင်း၊ သီပေါမြို့နေ (ဦးအောင်–ဒေါ်လှခင်)တို့၏ တစ်ဦးတည်းသောသား၊ သီပေါမြို့၊ ငွေငါးဆေးလိပ်ခုံပိုင်ရှင် (ဦးအောင်သိန်း)–ဒေါ်သန်းရင်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(တောင်)ရပ်ကွက်၊ သရက်တော(၅)လမ်း(အပေါ်လမ်း)နေ ဒေါ်ဖြူဖြူ၏ ခင်ပွန်း အမှတ်(၁၈)၊ ဥယျာဉ်လမ်း၊ မန်ကျည်းတန်းမြောက် အနောက်ရပ်ကွက် ကြည့်မြင်တိုင်နေ ဦးသန်းစိန်–ဒေါ်ခင်နှင်းရည် (သျှမ်းစတိုး)တို့၏ အစ်ကို၊ မောင်အောင်ဇော်သန်း(Franco Shipping)–မဖြူပြာအောင်ကျော် (ဟိုတယ်/ခရီး)၊ မနင်းမင်းသန်း (ရှမ်းမလေး–စတိုး)၊ မောင်နေမင်းသန်း–မသန္တာမြင့်ခိုင်၊ မခင်လပြည့်ဝန်း (မြန်မာ့လေကြောင်း)၊ [မောင်ဇော်မင်းသန်း(ခ)နေခြည်]တို့၏ ဖခင်ကြီး၊ မကြည်ဖြူအေးချမ်း၊ မောင်အာကာနေမင်းတို့၏ အဘိုးသည် ၁၄–၂–၂၀၀၄(စနေနေ့) မွန်းလွဲ ၁:၄၅နာရီတွင် ကွယ်လွန်ပါ၍ ၁၆–၂–၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ဇရပ်၊ရဟန်းဒါယကာကြီး

ဦးထွန်းဇံ(ခ)အဖေကြီး

ဒိုက်ဦးမြို့နယ်အသင်း

အသက်(၉၈)နှစ်

ရန်ကုန်တိုင်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ လမ်း(၁၂၀)၊အမှတ်(၅၉)နေ (ဦးအောင်ကြီး–ဒေါ်စိမ်း)တို့၏သား၊ ကွမ်းခြံကုန်း၊ သုံးခွရွာနေ (ဦးမောင်–ဒေါ်ဖွား)တို့၏ သားသမက်၊[ဒေါ်တင်လှ(ခ)ဒေါ်တစုပ်]၏ ခင်ပွန်း၊ (ဦးထွန်းရီ)–ဒေါ်မြင့်မြင့်၊ မောင်သန့်ဇင်၊ မောင်စန်းလွင်–မရီရီသိန်း (စီးပွား/ကူးသန်း)၊ မခင်နန်းမြင့် (U.I.G Co)တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၁၄–၂–၂၀၀၄(စနေနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၆–၂–၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁၂:၁၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

အွန်ချင်တီ(ခ)ဒေါ်ဆင်

အသက်(၉၀)

(မြိတ်မြို့)

မြိတ်မြို့၊ တလိုင်းစုရပ်၊အမှတ်(၂၁)နေ (ဦးရွှေနီ)၏ ဇနီး၊ (ဦးဗောင်အင်–ဒေါ်ကြုတ်)၊(ဦးရွှေစု)–ဒေါ်ပိန်၊ဦးယုဟုတ်–(ဒေါ်ရှယ်)တို့၏ညီမ၊(ဦးမောင်မောင် – ဒေါ်စိန်ဟိုး)၊ ဦးဂေါ်ဟုတ်–ဒေါ်ချင်ရှင်၊ ဦးယုစိုက်–(ဒေါ်ရှုတင်)၊ ဦးချောက်ချက်–ဒေါ်ကြည်၊ ဦးဟင်ထိုင်–ဒေါ်ချိုင်ဟွန်းတို့၏ အစ်မ၊ ကိုမျိုးအောင်–မစန်းအိ၊ ကိုစိုးလွင်–မချိုချိုဝင်း၊ ကိုကျော်စိုး–မလှကြူ၊ ကိုစန်းဝင်း–မစန်းစန်းဝေ၊ကိုစိုးသိန်း–မချိုချိုမြင့်၊ မမြမြဝင်းတို့၏မိခင်၊ မြေး၁၆ယောက်တို့၏ အဘွားသည် ၁၃–၂–၂၀၀၄ (သောကြာနေ့)ညနေ ၄နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇–၂–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် မြိတ်မြို့၊ သပြေပင်တရုတ်သင်္ချိုင်းသို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Pi Ciin Za Nial

အသက်(၈၄)နှစ်

Full Gospel Assembly

အသင်းတော်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃၁)လမ်း၊ အမှတ်(၆၄)၊ (ပ–ထပ်)နေ (Pu Cin Do) ၏ဇနီး၊ Pa Hang Za Suan- Nu Ciin Ngaih Man၊ Rev. Thang Suan Pau (ကျောင်းအုပ်ကြီး၊ Myanmar Theological College မန္တလေး)– Nu Don Ngaih Hau၊ Nu NgaiDo Niang- Pa Sian Khan Thang (Nahnuai ရွာ)၊ (Lia Luai Ngaih Man)၊ Nu Ngai Suan Dim- (Pa Khup Khan Thang)၊ (Pa On Khan Thang- Nu Vung Ngaih Nuam)၊ ဒုအရာခံဗိုလ် Cin Khen Thawn(ကူမဲမြို့)–Nu Nial Sian Cing၊ ဆရာ Gin Suan Mung (ရပ်စောက်သာသနာ)–ဆရာမ Niang Ngaih Zen (ထင်းကွင်း က/မဌာနခွဲ)၊ (Tg. Pau Suan Mang)တို့၏ မွေးသမိခင်၊ မြေး၂၉ယောက်နှင့် မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၁၃–၂–၂၀၀၄ရက် ညနေ၄နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့်၁၆–၂–၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဝတ်ပြုကိုးကွယ်ပြီး သဂြိုဟ်ပါမည်။(ကားများနေအိမ်နှင့် FGA အသင်းတော်မှ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစောဦး(၅၄)နှစ်

သမဦးဌာန(ငြိမ်း) ထွန်းသစ်လွင်

ကုန်ပို့ကိုယ်စားလှယ်

(မာန်အောင်မြို့)

မာန်အောင်မြို့နယ်၊ မျှော်တော်ဦးကျေးရွာနေ ဦးမောင်ပု–ဒေါ်မစောမြိုင်တို့၏ သားကြီး၊ တောင်ကုတ်မြို့၊ ဂုတာရပ်၊ ဦးဥတ္တမလမ်းနေ ဒေါ်ခင်ရွှေ (ထွန်းသစ်လွင် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း)၏ ခင်ပွန်း၊ မောင်စောငြိမ်းထွန်း၊ မောင်ကျော်ငြိမ်းထွန်းတို့ ဖခင် ဦးစောသိန်း–ဒေါ်သိန်းနု၊ ဦးကျော်မြင့်–ဒေါ်မမသိန်း၊ မတင်သိန်း၊ ဦးစောလှဖြူ–ဒေါ်မတင်ရီ၊ ဦးသိန်းရွှေမောင်–ဒေါ်မတင်ရွှေ၊ ဦးအောင်ကျော်ဇော–ဒေါ်တင်တင်မြိုင်၊မစန်းစန်းမြင့်(အဆုတ်ဆေးရုံ၊ လှိုင်သာယာမြို့နယ်)တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ ဂွတ္တလစ်လမ်း၊ ဗဟန်းမြို့နယ်၊ ဆရာမကြီးလမ်း၊ အမှတ်(၃၀/က)နေ ဦးဘမင်းထွန်း–ဒေါ်ခင်စိုးပိုင်တို့၏ဦးလေးဦးစောဦး(မာန်အောင်မြို့)သည် ၁၃–၂–၂၀၀၄(သောကြာနေ့) ည ၇နာရီတွင်ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၂–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။(ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှကားများမွန်းလွဲ ၁နာရီနှင့် ဂွတ္တလစ်နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊၊ ကျောင်း၊၊ ရေတွင်း၊၊ ရေကန် ဒါယိကာမကြီး

ဒေါ်လွင်လွင်သန်း (၆၅)နှစ်

အထက်တန်းသူနာပြု(ငြိမ်း)

(အိုး/အိမ်)

ရန်ကုန်မြို့၊ အမှတ်(၂၀)၊ နှင်းပန်းလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နေ ဦးမောင်မောင်တင်(တပ်မတော်–ငြိမ်း)၏ ဇနီး၊ မသန်းသန်းငွေး၊ ကိုမင်းနောင်–မဓမ်မော်ရီ၊ ကိုအောင်ချိုဝင်း–မအေးအေးမွန်၊ မနွယ်နီဝင်း၊ မမီမီခင်၊ ကိုအောင်ကျော်ကျော်–မမြမြအေး၊ (ကိုအောင်ဇော်ဇော်)တို့၏ အဒေါ်၊ ကိုဝဏ္ဏမင်းမင်းအုန်း–မညိုနွဲ့ဆွေ၊ မကလျာမင်းမင်းအုန်း၊ မစန္ဒာမင်းမင်းအုန်း၊ မကြေးမုံမင်းမင်းအုန်းတို့၏ ကြီးကြီး၊ မောင်ပိုင်လွင်ဇော်–မလှသက်ဝေ၊ ခိုင်လွင်ဇော်၊ နိုင်လွင်ဇော်၊ စိုးလွင်ဇော်၊ ဖြိုးလွင်ဇော်၊ ဟေမာန်ကိုကို၊ ရဲမာန်ကိုကို၊ ဖွင့်ဖူးလွင်တို့၏ အဘွား၊ မေသက်ပိုင်၏ ဘွားဘွားကြီးသည် ၁၅–၂–၂၀၀၄ရက် နံနက် ၀၀:၄၀နာရီတွင် ကွယ်လွန်ပါ၍ ၁၇–၂–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ရေတွင်း၊ ရေကန် ဒါယိကာမကြီး

ဒေါ်လွင်လွင်သန်း(၆၅)နှစ်

အထက်တန်းသူနာပြု(ငြိမ်း)

(အိုး/အိမ်)

(ဦးပု–ဒေါ်ကြွေ)တို့၏သမီး၊ ရန်ကုန်မြို့၊အမှတ်(၂၀)၊ နှင်းပန်းလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်နေ ဦးမောင်မောင်တင် (တပ်မတော်၊ငြိမ်း)၏ဇနီး၊ ဒေါ်မြင့်မြင့်စန်း၊ဦးညွန့်(တိုင်းဝယ်/ရောင်း မန်နေဂျာ၊ ကုန်သွယ်လယ်ယာ၊ငြိမ်း)–ဒေါ်ခင်အေး (ကုန်သွယ်/လယ်ယာ၊ငြိမ်း)တို့၏ ညီမ၊ ဦးအုန်းကြွယ်–ဒေါ်စိန်စိန်မြင့်(ဟိုတယ်/ခရီး)တို့၏အစ်မ၊ ဦးတင်ဝင်းနိုင်၊ ဦးတင်ဝင်းလွင်၊ဦးကိုကိုနိုင်–ဒေါ်တင်သန္တာလွင်တို့၏မွေးသမိခင်၊ တူ၊တူမ ၁၁ယောက်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက် တို့၏ အဘွားသည် ၁၅–၂–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၇–၂–၂၀၀၄ရက်နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊၊ ကျောင်း၊၊ ရေတွင်း၊၊ ရေကန် ဒါယိကာမကြီး

ဒေါ်လွင်လွင်သန်း

အသက်(၆၅)နှစ်

အထက်တန်းသူနာပြု(ငြိမ်း)

(အိုး/အိမ်)

ရန်ကုန်မြို့၊ အမှတ်(၂၀)၊ နှင်းပန်းလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်နေ ဦးမောင်မောင်တင်(တပ်မတော်–ငြိမ်း)၏ ဇနီး၊ဒေါ်မြင့်မြင့်စန်း၊ ဦးညွန့် (ကုန်သွယ်/လယ်ယာ၊ငြိမ်း)၊ဒေါ်ခင်အေး (ကုန်သွယ်/လယ်ယာ၊ငြိမ်း)တို့၏ ညီမ၊ ဦးအုန်းကြွယ်–ဒေါ်စိန်စိန်မြင့်(ဟိုတယ်/ခရီး)၏ အစ်မ၊ ကိုဝဏ္ဏမင်းမင်းအုန်း–မညိုနွဲ့ဆွေ၊ မကလျာမင်းမင်းအုန်း၊ မစန္ဒာမင်းမင်းအုန်း၊ မကြေးမုံမင်းမင်းအုန်းတို့၏ ကြီးကြီးသည် ၁၅–၂–၂၀၀၄ ရက် နံနက် ၀၀:၄၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၇–၂–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Pi Dar Nei Zing

အသက်(၅၄)နှစ်

Ngalti, Falam

Pu Mang Pum-Pi Tuan Kai တို့၏သမီး၊ သိက္ခာရဆရာတော်Hlawn Pum (EPCM,Ngalti)၏ ဇနီး၊ Pi Pak Men Tial-Rev. Kam Thul၊ Pu Hram Lian Ir - Pi Hai Sung တို့၏ အစ်မ၊ Pi Hniar Par - Pu Dar Pum၊ Pi Mang Nei Sung - (Pu Lal Tin Dum)တို့၏ ညီမ၊ Biak Lawm Thang(Asst;Pastor, Immanuel EPC, Yangon & Lecturer, FEFST)-Kap Hlei Sung၊ Mang Zik Tawng၊ Hrang Than Cin၊ Van Thawng Hup၊ Benjamin Lal Than Pek၊ Hniar Sin Tial - Thawng Hlei Ceu၊ Lal San Mawiတို့၏မိခင်၊ Cung Uk Lal၊ Timothy Lal Hu Thang Thian Za Lawm Kim၊ Sui Mawi တို့၏ အဘွားသည် ၁၂–၂–၂၀၀၄ရက် မွန်းလွဲ၁:၁၂နာရီတွင် ရန်ကုန်ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၆–၂–၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာခီလမ်း၊ အမှတ်(6/D) Immanuel Evangelical Presbyterian Church ၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

နတ်တလင်းအသင်း

ဦးကိုကိုကြီး (၈၅)နှစ်

နတ်တလင်းမြို့နေ (ဦးသိန်းမောင်–ဒေါ်သဲညွန့်)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ (၁၂၃)လမ်း၊ အမှတ်(၉၈)နေ ဒေါ်နှင်းနှင်း၏ ခင်ပွန်း အသင်း၏ နာယကကြီး ဦးကိုကိုကြီးသည် ၁၄–၂–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၆–၂–၂၀၀၄ (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၄၅ နာရီတွင် ထွက်ပါမည်။)

နတ်တလင်းအသင်း၊အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်ဒါယကာကြီး

ဦးကျော်ဝင်း (၇၉)နှစ်

(မြေပုံ)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ (၂၉)လမ်း၊ (၅၆/၅၈)နေ ဒေါ်မဦးညို၏ ခင်ပွန်း၊ မသန်းသန်းဦး၊ မောင်ကျော်သန်း၊ မောင်ကျော်သူလင်း၊ မခိုင်ဇင်ဝင်း၊ မဖြူဖြူကျော်၊ မသွယ်ဇင်ထိုက်၊ မောင်စည်သူကျော်ဇော၊ မယဉ်ယဉ်ကျော်၊ မောင်ဦးဆန်းအောင်၊ မောင်ကျော်ရင်၊ မချမ်းမြတ်ခိုင်၊ မောင်အောင်ကောင်းမြတ်၊ မောင်သူရိန်ကျော်ဇော၊မဆုပြည့်စုံ၊ မောင်ကောင်းပြည့်ကျော်တို့၏အဘိုးရှင်သည် ၁၄–၂–၂၀၀၄ (စနေနေ့)ညနေ၅:၅၀နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၁၇–၂–၂၀၀၄ (အင်္ဂါနေ့)မွန်းတည့် ၁၂ နာရီတွင် အမှတ်(၅၆ /၅၈) နေအိမ်မှထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းအမ

ဒေါ်ခင်အုံးမြင့် (၇၁)နှစ်

(B.Sc.,B.Ed)

စစ်တက္ကသိုလ်၊ ဓာတုဗေဒဌာန

နည်းပြဆရာမကြီး(ငြိမ်း)

အထက(၄)ဗိုလ်တထောင်၊အထပြ(ငြိမ်း)

ရမည်းသင်းမြို့၊ရွှေစည်းခုံရပ်ကွက် (ဆရာဝန်ဦးကိုကြီး–ဒေါ်လှကြည်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ ရန်အောင်လမ်းသွယ်(၃)၊တိုက် (၂၉၁)၊ အခန်း(၁၂)နေ ဗိုလ်ကြီးအောင်သွင် (ငြိမ်း)၏ဇနီး၊ဒေါ်မိမိသွင်(ဘဏ္ဍာရေး–ငြိမ်း)–ဦးစိုးတင်၊ ဒေါ်ခင်အေးသွင်–ဗိုလ်မှူးစိန်ဝင်း (မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်)၊ ဒေါ်စန္ဒာသွင်–ဦးဝင်းမြင့်အောင်၊ ဦးမင်းသူအောင်–ဒေါ်မိုးစန္ဒာအောင်၊ဒေါက်တာစည်သူအောင်– ဒေါ်ဆွေဆွေမြင့်တို့၏ မိခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၄–၂–၂၀၀၄(စနေနေ့) နံနက် ၆:၄၅နာရီတွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၆–၂–၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်လှ အသက်(၄၀)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃၂)လမ်းနေ (ဦးလှရွှေ)–ဒေါ်ထွေးရီ (စပါယ်ဓာတ်ပုံတိုက်)၏သား၊ ဂန့်ဂေါခရိုင်၊ ကံရွာနေ ဦးသိုက်ဖေ–ဒေါ်သိန်းခိုင်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တိုက်(၂၂)၊ အခန်း(၁၀၄)၊ (၅)လမ်း၊ ယုဇနအိမ်ရာနေဒေါ်လေးပြုံး(ခ) ဒေါ်ရွှေပြုံး၏ ခင်ပွန်း၊ မဇင်ဝေဝေယု(ခ)ဂဲဂဲ၏ ဖခင်သည် ၁၅–၂–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၇–၂–၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မစုမြတ်ဝင်း (၂၈)နှစ်

B.Sc (Botany)(Q), D.A,
D.B.S(L.C.C.I,U.K)
Director (Climax Business Group Co.,Ltd)

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဗိုးကုန်းတောင်ပိုင်း၊ အမှတ်(၄၀၃)နေ ဒေါက်တာဦးရဲဝင်း–ဒေါ်မြရီ (စာရင်းစစ်၊ ငြိမ်း၊ အင်းစိန်စာရင်းစစ်ရုံး)တို့၏ သမီးကြီး၊ မလှိုင်မေအေး (ဒုတိယနှစ်၊ ဂုဏ်ထူးတန်း၊ရုပဗေဒ၊မိတ္ထီလာတက္ကသိုလ်)၊ မအေးချမ်းမြ (တတိယနှစ်၊ကွန်ပျူတာတက္ကသိုလ်၊ ရန်ကုန်)တို့၏အစ်မသည် ၁၅–၂–၂၀၀၄(တနင်္ဂနွေနေ့) ညနေ ၃:၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၇–၂–၂၀၀၄(အင်္ဂါနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ကျောင်း၊တန်ဆောင်း ဒါယကာ

ဦးပျော့(ခ)ဦးထွန်းရှိန်

အသက်(၈၀)

(စီးဖြူကုန်း)

ရန်ကုန်မြို့၊တိုက်(၁၅)၊ အခန်း၂/၃၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်သန်းမြ၏ခင်ပွန်း၊ မစန်းစန်းရီ၊ မအေးဝမ်းရည်၊ (သျှန်နီကို)–ကိုကျော်ဝင်း၊ ကိုအုန်းမြင့်–မအေးအေး(မီချီကို)၊ မစန်းစန်းနု–ကိုအောင်ဆန်းဦး၊ မချိုချို(အကောင်းဆုံး)–ကိုနိုင်စိန်ထွန်း၊ ကိုဇော်မင်းနိုင်–မလှိုင်လှိုင်ဦး၊ မကြည်ဝေလွင်(ဟွာမီကို)–ကိုအောင်ကျော်လင်း၊ မနှင်းသီတာလွင်–ကိုဝင်းသန်း(စွဲစတိုး)တို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၅–၂–၂၀၀၄ရက် နံနက်၁:၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇–၂–၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Daw Ngo Za Cing

အသက်(၅၄)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ Voklak ကျေးရွာနေ (U Kham Hang-Daw Vum Khaw Cing)တို့၏ သမီးထွေး၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၅/၅၆၅)နေတပ်ကြပ်ကြီးဒေါင်ပုမ်း (ခ) ဦးမောင်ကို(အငြိမ်းစား)၏ ချစ်လှစွာသောဇနီး၊ U Nang Pheang-Daw Ngo Khan Huai, Daw Cingh Khan Dim-U Mang Khan Pum, Daw Cing Thian Man, တပ်ကြပ်ကြီးဟန်ခန့်ကပ် (မြန်မာ့လက်ရွေးစင်၊ ကရာတေးဒို)၊Maung Pau Pian Thang တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏ အဘွား၊ (Daw Dim Zam), Daw Huai Ngiak, Daw Dim Khaw Cing, (U Ngo Vum), Daw Neam Za Cing တို့၏ ညီမ၊ ဗိုလ်မှူးငိုယတွန်–ဒေါ်ဟွဲကျိန်၊ ဦးဟန်ခိုင်ငံ့တို့၏ အစ်မသည် အထက်ပါနေအိမ်၌ ၁၅–၂–၂၀၀၄ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၇–၂–၂၀၀၄(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်စီးယင်းနှစ်ခြင်းအသင်းတော်၊ အမှတ်(၁၅၂)၊ ဗိုလ်မြတ်ထွန်းလမ်းမှ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးအောင်ရွှေ(ခ)ဝမ်ကင်ချွင်

အသက်(၄၇)နှစ်

Brother Co.,Ltd

ရန်ကုန်မြို့၊ လမ်းမတော်မြို့၊ (၁၀)လမ်း၊ အမှတ်(၂၆)၊ ဒုတိယထပ်နေ (ဝမ်ကင်ဝိန်–ဟိုရှုလွမ်)တို့၏သားထွေး၊ အမှတ်(၈၂)၊ဇေယျာသီရိလမ်း၊ ကမာရွတ်မြို့နယ်နေ ဦးချစ်မြင့်–ဒေါ်ညွန့်တို့၏ သားသမက်၊ ဒေါ်ခိုင်ခိုင်၏ ခင်ပွန်း၊ မောင်ခိုင်မြဲအောင်၏ဖခင်၊ ဒေါ်ခင်ဝင်း၊ ဦးမြင့်စိုးတို့၏မောင်/ညီသည်၁၅–၂–၂၀၀၄(တနင်္ဂနွေနေ့) နံနက်၈:၃၅နာရီတွင် အာရုံတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၇–၂–၂၀၀၄ (အင်္ဂါနေ့) နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက်၉:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ရေတွင်း၊ ဆွမ်းဒါယကာ

ဦးသိန်းလွင်(ခ)အစိမ်း

အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စော်ရန်ပိုင်အနောက်ရပ်ကွက်၊ ဝေဘာဂီလမ်း၊ အမှတ်(၁၁–အေ၊ ၅–လွှာ)နေ (ဦးဖူး–ဒေါ်ကြင်)တို့၏ သားထွေး၊ ဦးချင်ထန်စင်–ဒေါ်ခင်စိန်တို့၏ သားသမက်၊ (ဦးချစ်ထွန်း)–ဒေါ်ရှုခင်၊ ဦးချစ်ခိုင်–ဒေါ်ယဉ်မြင့်၊ ဦးချစ်မြိုင်တို့၏ညီ၊ ဦးလှတင်–ဒေါ်မိမိ(MEPE)၊ ဒေါ်သန်းသန်းတို့၏ မောင်၊ ဦးဉာဏ်လင်း–ဒေါ်ချင်မေရှမ်း၊ ဦးကျော်ကျော်–ဒေါ်မုံးတို့၏အစ်ကို၊ ဒေါ်ချင်မိအိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မဆုရည်ဖြိုး (IX-A)၊ မသီရိသိန်းလွင် (VI-B)၊မအေးခန့်မေ(I-Bအထက–၆၊ အလုံ)၊ မောင်ကျော်ဇောလင်းတို့၏ ချစ်လှစွာသောမွေးသဖခင် ဦးသိန်းလွင်(ခ)အစိမ်းသည် ၁၅–၂–၂၀၀၄ရက် ညနေ၄နာရီတွင် အကယ်ဒမီအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၂–၂၀၀၄(အင်္ဂါနေ့) နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက်၉နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၀၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၃၄၅၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ) ပင်မဆောင်ဖွင့်ပွဲအခမ်းအနား တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို ဖွင့်လှစ်သည့် မန္တလေးတိုင်း မြင်းခြံမြို့၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် တည်ဆောက်ပြီးစီးသွားသည့် အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ)ပင်မဆောင် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၁၁နာရီတွင် အဆိုပါသိပ္ပံ၏ပင်မဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နှင့်အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၁ ရက်က (၅၇)နှစ်မြောက် ပြည် ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို ဖွင့်လှစ်သည့် မြင်းခြံမြို့ရှိ အစိုးရ စက်မှုလက်မှုသိပ္ပံ(မြင်းခြံ) ပင်မ ဆောင်ရှေ့၌ ဆရာ၊ ဆရာမ များ၊ ကျောင်းသား၊ ကျောင်းသူ များနှင့် စုပေါင်း ဓာတ်ပုံရိုက်ကြ စဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြို့တော်သာယာလှပရေး အိမ်ရာစီမံကိန်းများ စနစ်တကျတည်ဆောက် အနာဂတ်ဖြစ်စေမည့်အဆောက်အအုံများ စည်းမျဉ်းစည်းကမ်းနှင့်အညီပြင်ဆင်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)ကို ဖေဖော်ဝါရီ ၁၄ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ မြို့တော်အိမ်ရာစီမံကိန်း **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❍

လုံးချင်းအိမ်များ

ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ရွှေပင်လုံအိမ်ရာ စီမံကိန်းအတွင်း၌ တည်ဆောက်ပြီးစီးနေသည့် လုံးချင်းအိမ်များကို တွေ့ရစဉ်။

(သတင်းစဉ်)